
၅၀၀၀

# ဒို့ဘုရားသာသနာ ၅၀၀၀ ပဲလား

# နှင့်

# ဘာသာရေးဆောင်းပါးများ




ခင်မောင်နှင်း (ကျောက်ပန်းတောင်း)

ပဉ္စမအကြိမ်

## ဒို့ဘုရား သာသနာ ၅၀၀၀ ပဲလား

### "ဒီလိုများ ဖြစ်နေပြီလား သုံးသပ်ပြုပြင်ပေးပါ"



သူငယ်ချင်း မပြေးနဲ့ လို့ ဘယ်သူမှ မပြော နောက်ကျခြေထောက် သစ္စာဖောက်ဆိုပြီး ပြေးနေတာပါ။ အရေအတွက်အရလည်း နှစ်ကောင်တစ်ကောင်၊ အားလည်း ကြီးပါလျက် ယခုလို ကြောက်ပြီး ပြေးနေလို့ တစ်ကောင်တော့ ဒီတစ်ကြိမ်လွတ်ပါမည်။ နောက်တစ်ကြိမ်လွတ်သည့်အ

ကောင်လည်း မုချသေရမည်ကို မစဉ်းစားတတ်တော့ မျိုးပြုတ်မှာ မုချပါ
။

တောဘုရင် ခြင်္သေ့ကိုလည်း ရှုံးတယ်၊ တောခွေးကိုလည်း ရှုံးတယ်။ မိမိတို့ မျိုးနွယ်သူတွေ သေတာကို "ငါကတော့ ကံကောင်းသူ ဖြစ်လို့ မ သေသေးဘူး။ သူကတော့ အတိတ်က ဝဋ်ကြွေးရှိလို့ သေပြီ" ဆိုပြီး သ တိသံဝေဂရတဲ့ မျက်နှာတွေနဲ့ မဆိုင်သလို ကြည့်ပြီး ဝေဖန်နေထိုင်မှုက "တရားရှိတဲ့ ကျွဲတွေပါလား" အထင်ကြီးစရာပါ။ ဒီအတွေးတိုင်းဆက် လုပ်နေရင် မုဆိုးအကြိုက်ဖြစ်လို့ သူတို့ မှ မျိုးမပြုတ်ရင် ဘယ်သူတွေ မျိုးပြုတ်မှာ လဲ----?




မယုံမရှိနဲ့ အုပ်စုနဲ့ နေတာတောင် သေနိုင်ရင် သင်းကွဲသွားက မုချ သေနိုင်မှာ ပါ။ ဒါကို သိလျက်နဲ့ မသိသလို ဆက်လုပ်နေရင် မျိုးတုံးပြီး

ခြသေ့်နဲ့ ခွေးတွေ အစာဝပြီး ကျွဲမျိုးပျောက်မှာ မုချပါ။







တောဘုရင်နဲ့ တွေ့လို့ ပြေးတယ်။ ခွေးနဲ့ တွေ့တော့လည်း ရှုံးတယ်။ ဒါကြောင့် သတ္တိမရှိဘူး မထင်ပါနဲ့ ။ ကိုယ်အချင်းချင်း မဟုတ်လို့ ပါ။ မျိုးနွယ်တူချင်းတော့ ဘယ်သူ့ကိုမှ ဗိုလ်မထားဘူး။ ချိုကျိုးကျိုး၊ ခေါင်းကွဲကွဲ စိတ်ဓာတ်ရှိသူတွေပါ။ မိမိအချင်းချင်း ညီညွတ်ပြီး ရန်သူကိုလက်မြှောက် အရှုံးပေးတတ်တဲ့ စိတ်တွေဖျောက်မှ မျိုးဆက်ကျန်ပါမည်။ ဒီအတွေးအတိုင်း ဆက်သွားနေရင် သူများကြောင့်ရယ်၊ ကိုယ့်ကြောင့်ရယ် မျိုးပြုတ်မှာ မုချပါ။

**"စည်းလုံးညီညာ အောင်ကြောင်းဖြာ"**



ညီညွတ်သတ္တိရှိတော့ တောဘုရင် ကေသရာဇာကိုလည်း အောင်နိုင်ပါတယ်။ စည်းလုံးညီညွတ်မှုရှိသော အဖွဲ့အစည်းသာ ရန်သူကို အောင်နိုင်တာပါ။ ဗုဒ္ဓဘာသာဝင်တွေကတော့ ဒီအခြေအနေရောက်ရန် များ စွာလိုနေမယ် ထင်ပါသည် ။ စည်းလုံးညီညွတ်အောင် မဖန်တီးနိုင်လျှင် သာသနာ မုချ---။



အသားမစားပေမယ့် အမျိုးထိရင် မချိအောင်နာတော့ တောဘုရင်ကေသရာဇာကိုလည်း ညီညွတ်သတ္တိရှိချိန် အောင်နိုင်လိုက်ပြီ။ သတ္တိတွင် ဦးနှောက်ပါသည် ။ မိုက်ရူးရဲ အလုပ်တွင် ဒေါသစိတ်က ဦးဆောင်ပါသည် ။ သတ္တိဆိုတာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတာလည်း သတ္တိပါ။ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်တာလည်း သတ္တိပါပဲ။

"ဘိုးဘွားများ ပြောတဲ့ စေတီအကြောင်း"



မြွေကိုက်ရင် သေတတ်တယ်ဆိုတာ ရှေးဘိုးဘွားတွေ အသက်ပေးပြီးမှ မျိုးဆက်သစ်တို့ သိခဲ့ရတဲ့ အမှန်တရားပါ။




ပေ ၄၉၀ ပတ်လည်ရှိတဲ့ ကမ္ဘာမှာ အကြီးဆုံး ဘောဒေါ ဗုဒ္ဓေါစေတီ တော်ကြီးပါ။ ကမ္ဘာ့အကြီးဆုံး စေတီဖြစ်သွားတာနဲ့ ကြေကွဲဝမ်းနည်းဖွယ်ကောင်းတာက ဗုဒ္ဓဘာသာဝင်တွေ မပိုင်တော့ဘဲ အစ္စလမ်ဘာသာဝင်တွေ အများ ဆုံးရှိတဲ့ အင်ဒိုနီးရှားနိုင်ငံက ပိုင်ဆိုင်ထားပါတယ်။



ဉာဏ်တော် ၄၂၀ ပေရှိ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်တော်

မူပုံကိုလည်း ဗုဒ္ဓဘာသာဝင်တွေ မပိုင်။ အစ္စလမ် ဘာသာဝင်တွေကသာ ပိုင်ဆိုင်သွားပါတယ်။ သူတို့ တွေ ဘာကြောင့် ပိုင်ဆိုင်သွားတာလဲ။ ကျွန်တော့်အမြင်ကတော့ ဗုဒ္ဓဘာသာဝင်တွေ ညံ့လို့ ပါ။ ဒီအခြေအနေကို အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်မှ ဗုဒ္ဓဘာသာဝင် ဘိုးဘွားများက ကျွန်တော်တို့ ကို ပြောနေတာ ကမ္ဘာ့အကြီးဆုံး၊ အမြင့်ဆုံးစေတီတွေ တည်မိရင် မိမိတို့ ဘာသာ ကွယ်ပျောက်တတ်တယ်လို့ ပြောနေသလား စဉ်းစားပေးကြပါ။ ဘိုးဘွားတွေပြောတဲ့ စကားတွေကို ကြားတတ် မြင်တတ်မှ ဘာသာ တည်တံ့တိုးပွားအောင် မှန်ကန်စွာ တွေးတတ် လုပ်တတ်ပြီး သာသနာတည်ပါမည်။




နှစ်ပေါင်းထောင်ချီပြီး အခြားဘာသာတွေထက် စောစီးစွာ ပေါ်ထွန်းခဲ့ပေမဲ့ ဗုဒ္ဓသာသနာ ဘာသာပြုတွေနဲ့ ဘာသာဝင်တွေ အတွေးအခေါ်ကောင်းလို့ လား၊ နေတတ်လို့ လား၊ မကြောက်တတ်လို့ လား၊ တန်ဖိုးမ

ထားလို့ လားမသိ၊ ဗုဒ္ဓဘာသာရှိတဲ့ နေရာက ကမ္ဘာ့မြေပုံမှာ ဆီးစေ့လောက်သာရှိပါတယ်။ ပတ်ဝန်းကျင်နိုင်ငံအားလုံးက ဘာသာခြားတွေဖြစ်နေတော့ အမျိုးခံရရန် အနေးနဲ့ အမြန် ဆိုတာကို ပြနေတာပါ။ မြင်အောင်ကြည့်ပြီး လုပ်တတ်မှ ဗုဒ္ဓဘာသာ သာသနာ ကမ္ဘာမှာ ရှိပါမည်။ မမြင်တတ်၊ မလုပ်တတ်ရင်တော့ ဟိုးရှေးရှေးတုန်းကလို ပဟောပြောနေမယ့် ပြတိုက်မှာ သွားကြည့်ရပါမည်။ ယနေ့ ဗုဒ္ဓဘာသာဝင်တွေနဲ့ အစိုးရခြေလှမ်းကတော့ ပြတိုက်ကို ဦးတည်သွားနေပါပြီ။ ရပ်တန့်အောင် လုပ်ပေးကြပါ ...

## 'ကြားတတ်အောင် နားထောင်တတ်ရန် လိုနေပြီ'



အင်ဒိုနီးရှား၊ မလေးရှား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ဘင်္ဂလား ဒေ့ရှ်၊ အိန္ဒိယ၊ နီပေါ၊ တရုတ်၊ တောင်ကိုရီးယား စတဲ့ ဘိုးဘေးဗုဒ္ဓဘာသာဝင်တွေကတော့ နတ်ပြည်၊ နိဗ္ဗာန်တို့ ကို ရောက်ပြီးမှ လူ့ပြည်ကို ပြန်ကြည့်ချိန် သူတို့ လူဖြစ်ချိန်မှာ ဘာသာသာသနာ တည်တံ့ရေးအတွက် မလုပ်ခဲ့လို့ သူတို့ နိုင်ငံတွေမှာ ဗုဒ္ဒဘာသာ မရှိဖြစ်ရတာကို နောင်တရပြီး ငိုနေရကြောင်း ပြောနေသံကို ကြားနိုင်အောင် နားထောင်တတ်ရန် လိုနေပါပြီ။ လက်ရှိ ဗုဒ္ဓဘာသာဝင်တွေကလည်း သူတို့လို မငိုရအောင် မလုပ်တတ်တော့ တစ်နေ့မှာ သူတို့လိုပဲ ငိုနေရမည်မှာ မလွဲပါ။

ငိုချင်ရင် ဒီအတိုင်းဆက်နေ၊ ဆက်လုပ်ပါ။ ငိုရမှာ တော့ အနေးနဲ့ အမြန် ပါ။



ခရိုစတီး (Creostole bush) လို့ ခေါ်တဲ့ ခြုံပင်တစ်ပင်ရဲ့ သက်တမ်းက နှစ် ၁၇၀၀၀ ရှိပေမယ့် ဗုဒ္ဓဘာသာ သာသနာ သက်တမ်းကို ဗုဒ္ဓဘာသာဝင်တွေက နှစ် ၅၀၀၀ သာ ပြောနေလို့ ခြုံပင်လောက်ပင် သက်တမ်းမရှည်တဲ့ သာသနာအတွက် စိတ်ပျက်အားငယ်စရာပါ။



ဒီကျောက်တုံးတွေက မသိသူအတွက် ကျောက်တုံးပါ။ သိသူအတွက် တန်ဖိုးကြီးမားတဲ့ စိန်တုံးပါ။



စိန်ကို စိန်ဖြစ်ကြောင်း လူတွေ သိစေရန် စိန်အကြောင်းကို သိသူတွေက ပြောရန်လိုသလို သွေးတတ်သူတွေလည်း လိုပါတယ်။ အလားတူ ဗုဒ္ဓဘာသာ သာသနာသည် လည်း ဘာသာတွေထဲမှ အကောင်းဆုံး ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်းတောင် မသိတော့ ဘာသာခြားတွေ ဘာသာမဲ့တွေ ပိုမသိလေပါ။ အကောင်းဆုံးဆိုတာ မသိတော့ တန်ဖိုးထားလိုစိတ်မဲ့ပြီး ဘာသာပြောင်းတယ်၊ ဘာသာခြားနဲ့ ဘာသာမဲ့တွေ ဝင်လာစိတ်မရှိတာပါ။ ဗုဒ္ဓဘာသာကို မစွန့်လွှတ်အောင် ကိုးကွယ်သူများ လာအောင် ဘာသာတွေထဲမှာ ဗုဒ္ဓဘာသာ အကောင်းဆုံးဆိုတာ ဟောပြောတတ် သူများ စွာလိုသလို လက်တွေဖော်ဆောင်ပြနိုင်သူတွေလည်း ပိုမိလိုအပ်နေတယ်ဆိုတာ သာသနာပြု များ နဲ့ ဘာသာဝင်များ သိရှိလုပ်ကိုင်တတ်ရန် လိုပါမည်။



အဖွဲ့အစည်းတိုင်း ရေရှည်ရပ်တည်နိုင်ရန် ရန်ပုံငွေ တောင့်တင်းခိုင်မာရန် လိုအပ်ပါသည် ။ ဘာသာကြီး ၃ ခုမှာ ခိုင်မာတဲ့ ရန်ပုံငွေ ရှိတယ်။ ဗုဒ္ဓဘာသာမှာ ရန်ပုံငွေမရှိတော့ ရေရှည်မည်သို့မှ မရပ်တည်နိုင်သည်ကို သိရှိပြီး ဗုဒ္ဓဘာသာ တည်တံ့ရေးအတွက် ခိုင်မာတဲ့ ရန်ပုံငွေ တည်ထောင်ရန် လိုနေပါပြီ။

**"အော်လွှန်းသူ မြန်မြန်သေတတ်သည် "**



သွေးတစ်စက်အတွက် အကျယ်ကြီးအော်နေတော့ ခြင်ကို လူတွေမုန်းတော့ မြန်မြန်သေတာပါ။ အလားတူ ဗုဒ္ဓဘာသာဝင်တွေလည်း လုပ်တာကနည်းနည်း အော်တာကများများ ဖြစ်နေလို့ ဘာသာ နာမည်ကျဆုံးလာတာလား စဉ်းစားပါ။

"လျှို့ဝှက်သိုသိပ်တော့ အောင်မြင်တာပေါ့"



တိတ်တဆိတ် ညို့ယူဖမ်းတော့ တစ်ကောင်လုံးရတာပေါ့။ သားကောင်က သူ့ကို မျိုလို့ မျိုမှန်းတောင် မသိလိုက်ပါ။ ဗုဒ္ဓသာသနာပြုသူများ လည်း သွယ်ဝိုက်သာသနာပြုနည်းများ ဖြင့် သိုသိပ်လျှို့ဝှက်စွာ လုပ်နိုင်မှာ ဘာသာ တည်တံ့တိုးပွားမည်။ ဒါကြောင့် အော်တာတွေ လျှော့ပြီး လက်တွေ့တွေ့ များများ လုပ်မှ ပဋိပက္ခမရှိဘဲ သာသနာ ပြုနိုင်မယ်လို့ မြင်ပါတယ်။ သုံးသပ်လုပ်ပေးစေလိုပါတယ်။

## "မြန်မာတစ်မျိုးသားလုံး အရက်ထဲ ရောက်နေပြီ"




Myanmar Beer. Dagon Beer. Mandalay Beer. Myanmar Rum. Dagon Rum. Mandalay Rum.

အရက်နာမည်များက မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်သည် ဆိုတာကို လှောင်ပြောင်နေသူ၊ မြန်မာတွေကို အထင်သေးစေသူ၊ အသက်တွေ တိုအောင်လုပ်သူ၊ မိသားစုတွေကို ဖျက်ဆီးသူ၊ ဘုရားတွေ၊ ရဟန်းတွေ၊ ဗလီတွေ၊ ချဒ်ကျောင်းတွေကို အရက်ပုလင်းထဲ ပို့လိုက်သူပါ။ ကျွန်တော်တို့ နိုင်ငံသားအားလုံး တိုက်ဖျက်ရန် တာဝန်ရှိသည် ။ မတိုက်ဖျက်နိုင်လျှင် မြန်မာ့ ပုံရိပ်/ထေရဝါဒ ဗုဒ္ဓဘာသာပုံရိပ်က အရက်လားလို့ အထင်သေးစရာ ဖြစ်နေတဲ့ ဒီအရက် Logo တံဆိပ်တွေကို အမျိုးသားရေးစိတ်ဓာတ်နဲ့ နိုင်ငံသားတိုင်း ကန့်ကွက်ကြပါစို့။ ဦးနုက ဆင္ဍသင်္ဂါယနာ တင်တယ်။ ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းတယ်။ လူမိုက်တွေကတော့ မြန်မာတစ်မျိုးသားလုံးကို အရက်ထဲ ထည့်လိုက်ပါပြီ။ အမျိုးသားရေး အသိနဲ့ တိုက်ဖျက်ပေးကြပါ။



ရေဘဝဲမိခင်သည် ဥအုပြီးချိန်မှ ဖလ တိတိ အစာမစားဘဲ ဥများကို အောက်ဆီဂျင်ပေးရပါသည် ။ ဖလပြည့်၍ ဥများ ပေါက်လာချိန် အားအင် ချိနဲ့ စွာဖြင့် နောက်ဆုံးခွန်အားကို သုံးပြီး အောက်စီဂျင်ပေးကာ သေဆုံးရပါတယ်။ သူသေဆုံးချိန်  ရေဘဝဲပေါက် တစ်သိန်းခန့် သူ့အမေအသားကိုစားပြီး လောကကြီးထဲ ဝင်ရောက်ရပါတယ်။ ရေဘဝဲမိခင်သည် သေမည်မှန်းသိလျက် ဥအုပြီး ၆ လတိတိ အစာမစားဘဲ မစောင့်ရှောက်လျှင် ရေဘဝဲမျိုးဆက် မရှိနိုင်ပါ။ တစ်ကောင်ပေးဆပ်လျှင် မျိုးဆက် တစ်သိန်းပေါ်လာပါသည် ။ သူသေမှာ ကြောက်နေလျှင် ရေဘဝဲမျိုးဆက် မရှိနိုင်ပါ။ ရေဘဝဲစိတ်ဖြင့် သာသနာပြုလျှင် သာသနာ မှုချမကွယ်ပါ။ ယနေ့ ဗုဒ္ဓဘာသာမှာ ရေဘဝဲမလို ပေးဆပ်လိုသူ နည်းပါးနေတော့ သာသနာ ကျဆုံးမြဲ ကျဆုံးပြီး ပျောက်ကွယ်သွားပါမည်။ ရေဘဝဲလို  မိမိတို့ဘာသာ သာသနာအတွက် ပေးဆပ်လိုသူ၊ ပေးဆပ်ရဲသူ သာသနာ့ အာဇာနည်များ စွာ လိုနေသည့်အတွက် ပေါ်ထွန်းလာပါစေကြောင်း ဆုတောင်းပေးလျက်....။

*****

## ‘ဒေါက်တာအရှင်ပဏ္ဍိတဝရာဘိဝံသ၏ အမှာ စာ’

‘ဒို့ဘုရားသာသနာ ၅၀၀၀ ပဲလား’ ဟူသော ခေါင်းစဉ်ဖြင့် စာရေးသူထံ ဖိုင်တစ်ဖိုင်ရောက်လာသည် ။ ရေးသူမှာ ခင်မောင်နှင်း (ကျောက်ပန်းတောင်း) ဖြစ်သည် ။ အရေးအသားမှာ မိမိကိုယ်ကို အလွန်နှိမ့်ချဟန် ရှိကြောင်း တွေ့ရသည် ။ ဤဟန်ဖြင့်ပင် ပေါက်သွားလိမ့်မည်ဟု ရဲရဲပြောရဲပါသည် ။ စာရေးဆရာ ခင်မောင်နှင်း သည် ကိုယ့်အသိ၊ ကိုယ့်အမြင်၊ ကိုယ့်အတွေးကို ပြည့်ပြည့်စုံစုံတင်ပြနိုင်ကြောင်းလည်း တွေ့ရသည် ။

ဘာသာရေးစာပေသည် အလွန်သိမ်မွေ့သည် ။ ထို့ကြောင့်တင်ပြလျှင် သိမ်သိမ်မွေ့မွေ့တင်ပြသင့်ကြောင်း ပြောလိုသည် ။ တင်ပြမှုချောချောမွေ့မွေ့မဖြစ်လျှင် ပြဿနာတက်တတ်သည် ။ ရှေးက ပြဿနာတက်သွားသော စာအုပ်များ စွာ ရှိသည် ။ စာရေးဆရာ ခင်မောင်နှင်းမှာ ဤပြဿနာမျိုး တွေ့နိုင်သည့် လက္ခဏာ မမြင်ရပေ။ အကြောင်းမှာ ပိဋကတ်စာပေကျွမ်းကျင်သော ဆရာတော်ကြီးများ ထံ အကြံဉာဏ် ယူ၍ ရေးသားထားသောကြောင့် ဖြစ်သည် ။ ထို့ပြင် စိတ်ကောင်းဖြင့် တင်ပြထားခြင်းလည်း တစ်ကြောင်းအပါအဝင်ဖြစ်သည် ။

ဤစာအုပ်၌ ‘ဒို့ဘုရားသာသနာ ၅၀၀၀ ပဲလား’ ဟူသော ခေါင်းစဉ် အပါအဝင် ခေါင်းစဉ် ၁၀ မျိုးပါရှိသည် ။ စာရေးဆရာ ခင်မောင်နှင်းသည် ဘာသာ သာသနာအတွက် စိတ်အလွန်ပူပန်နေကြောင်း သူ့စာအရ

သိရသည် ။ ပူလည်း ပူပန်သင့်ပါသည် ။ အခြား ဘာသာဝင်များက သူ တို့ ၏ ဘာသာ တိုးတက်ပြန့်ပွားအောင် မီးကုန်ယမ်းကုန်ကြိုးစားနေချိ န် ဗုဒ္ဓဘာသာဝင်များက ကာဋ္ဌနဂါး လုပ်နေကြသည် ။ ဒါကို စာရေးဆ ရာ ခင်မောင်နှင်းက အားမရခြင်းဖြစ်သည် ။ ဘုန်းကြီးတို့ သာသနာ၌ စာရေးဆရာ ခင်မောင်နှင်းလို လူများများ ပေါ်ပေါက်ဖို့ လိုသည် ။

သီရိလင်္ကာ နေစဉ်က ဘုန်းကြီးတွေးတောဖူးသော အမြင် လေးတ စ်ခုကို ဤနေရာ၌ စိတ်ထဲတွင် စပ်မိလာ၍ ပြောလိုပါသည် ။ ဘုန်းကြီး တို့ တက္ကသိုလ် သွားတက်သောအချိန် သုံးဘီးကားစီး၍ သွားရသည် ။ သုံးဘီးကား စီးရာ၌ ကြုံတွေ့ရသော အတွေ့အကြုံတစ်ခုမှာ ဗုဒ္ဓဘာသာ ဝင် သုံးဘီးသမားများက နှစ်ဆယ့်ငါးရူပီးဖြင့် မလိုက်နိုင်သော်လည်း အခြားဘာသာဝင်များက ရူပီး နှစ်ဆယ့်ငါးဖြင့် လိုက်ကြသည် ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သုံးဘီးသမားများ ၌ ဝင်ငွေနည်းလာပါသည် ။

ဗုဒ္ဓဘာသာဝင် သုံးဘီးသမားများ သည် ပျင်းကြသည် ။ ပျင်းကြောင်း သိရသည် မှာ အခြားဘာသာဝင်များ ၏ နှစ်ခေါက်စာကို ဗုဒ္ဓဘာသာဝင်များက လိုချင်ခြင်းဖြစ်သည် ။ သူများ နှစ်ခေါက်ဆွဲလျှင် ကိုယ်တစ်ခေါက်ဆွဲမည်။ ကျန်အချိန် အိပ်နေမည် ဟူသော အတွေးဖြစ် သည် ။ ဤနေရာ၌ ဗုဒ္ဓဘာသာဝင်နှင့် အခြားဘာသာဝင်တို့ ကွဲပြားနေ တာကို တွေ့ရသည် ။ ပျင်းနေသောကြောင့် နှစ်ခေါက်မဆွဲဘဲ နှစ်ခေါက် စာ လိုချင်ခြင်းဖြစ်သည် ။ ဗုဒ္ဓဘာသာဝင်ဖြစ်လျှင် ဘာလူမျိုးဖြစ်ဖြစ် ပျ င်းကြလေရော့သလားဟု အတွေးပေါက်မိရခြင်း ဖြစ်သည် ။ ဗုဒ္ဓဘာသာ ဝင်ဖြစ်လာလျှင် လုံ့လမရှိ၊ အပျင်းသာရှိသည် ဟု ပြောရမလို ဖြစ်သည် ။

စာရေးဆရာ ခင်မောင်နှင်းသည် လည်း ဤအမြင် ရှိလိမ့်မည်ဟု ထ

င်သည် ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များ အပေါ် အားမလိုအားမရ ဖြစ်နေသည် ဟု ယူဆသည် ။ ဗုဒ္ဓဘာသာဝင် ဖြစ်လာလျှင် ပင်ကိုကတည်းက အပျင်းမျိုးစေ့ ပါ လာလေရော့သလားဟု အယူအဆတစ်ခု ဘုန်းကြီး၏ စိတ်ထဲ၌ အစဉ်ရှိနေသည် ။ သို့သော် ထိုအယူအဆကို မှန်ရမည်ဟု စွဲကိုင်မထားပါ။ သို့သော် မှားသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ ဗုဒ္ဓဘာသာဝင်များကို ဘာသာအရေးအတွက် အမြဲမပြတ် နှိုးဆော်သင့်ကြောင်းက ဧကန်အမှန်ပင် ဖြစ်သည် ။ စာရေးဆရာ ခင်မောင်နှင်း၏ စာအုပ်များ သည် ထိုတာဝန်ကို အပြည့်အဝ ထမ်းဆောင်နေသည် ဟု ယူဆသည် ။ စာရေးဆရာ ခင်မောင်နှင်း၏ စာများကို ဖတ်ကြည့်သော အခါ စာရေးဆရာ ခင်မောင်နှင်း စိတ်ဓာတ်မှာ တစ်ဖက်သတ် အစွဲမပြင်းထန်ဘဲ တစ်နည်း င့ါအယူအဆသာ အမှန် ကျန်အယူအဆများ အလကားဟု မတွေးဘဲ မျှတသော အတွေးများ ဖြင့် မိမိ၏ အဟူအဆကို တင်ပြထားကြောင်းတွေ့ရသည် ။

နိဂုံးချုပ်ပြောလိုသည် မှာ စာရေးဆရာ ခင်မောင်နှင်း၏ စာအုပ်များသည် စာရေးဆရာ ခင်မောင်နှင်း၏ နှလုံးသားနှင့် ထပ်တူထပ်မျှ ဖြစ်လိမ့်မည်ဟု ယူဆကြောင်းပြောလိုပါသည် ။

**ဒေါက်တာအရှင်ပဏ္ဍိတယရာဘိဝံသ**
**(သ.စ.အ- သီရိပဝရဓမ္မာစရိယ၊ LLB.M.A.Ph.D)**
**မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊**
**အဂ္ဂမဟာပဏ္ဍိတ။**
**ပါမောက္ခချုပ်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်**
**(မန္တလေး)**

# မြေပုံဆရာတော်မိတ်ဆက်
# လက်တွေ့သုံးသပ်ချက်

ဆရာခင်မောင်နှင်းရေ…ဆရာပြုစုရေးသားတဲ့ စာအုပ် ၂ အုပ်လုံးကို ဖတ်ဖြစ်ပါတယ်။ ရှေးက ဆရာ့ဆရာများ ရေးသားတဲ့ လမ်းဟောင်းမှ ခွဲထွက်ပြီး လမ်းသစ်ထွင်ရေးတဲ့ ဟန်ကို သဘောကျသလို အားကျမှုလည်း ဖြစ်သွားတယ်။

"ယနေ့ ဗုဒ္ဓဘာသာနှင့် ထွန်းတောက်ရေးအတွေး" မှာ ဆိုရင် မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ အခြေအနေကို ထောက်ပြဝေဖန် သုံးသပ်ထားပုံက ထိမိလွန်းလှပါတယ်။ သူ့ကို ဖတ်လိုက်တော့ သာသနာတော်ရဲ့ အနာဂတ်အရေး တွေး ပြီး စိတ်ပူပန်မှု ဖြစ်သွားတာ အမှန်ပါ။ ဒုတိယစာအုပ်ဖြစ်တဲ့ "ဘာသာကို လင်းစေ ကွယ်စေသူ" စာအုပ်မှာ တော့ တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရ အားပေးထောက်ပံ့မှု ရရှိနေမယ်ဆိုရင် သာသနာတော် ထွန်းလင်းနေမှာ ဖြစ်သလို ၊ အာဏာပိုင်အစိုးရထံမှ အားပေးထောက်ပံ့မှုမရဘူး ဆိုရင်တော့ ဆုတ်ယုတ်ပျောက်ကွယ်သွားနိုင်ကြောင်းကို ပုံဖော်ရေးသားတယ်လို့ ထင်စရာပါ။ ဒီစာမူက ကမ္ဘာပေါ်မှာ ဖြစ်နေတဲ့ လက်တွေ့အခြေအနေနဲ့ ဆက်စပ်မှုရှိတယ်လို့ ပြောမယ်ဆို ပြောလို့ ရပါတယ်။

## နှိုင်းယှဉ်သုံးသပ်ချက်

ဆရာခင်မောင်နှင်းရေ…ဆရာပေးပို့လိုက်တဲ့ စာမူက နာမည်မပေး ရသေးဘူးလား။ နာမည် ပါမလာပေမဲ့ စာသားတွေကို ဖတ်လိုက်တဲ့ အခါ ရှေးစားအုပ်တွေ သဘောကျသလို သူ့ကိုလည်း သဘောကျသွားပြန် တယ်။ ဘာကြောင့်လဲဆိုတော့ မိမိကျောင်းကို ရောက်လာမည့်ဒကာ၊ ဒ ကာမတို့ ကိုသာ စောင့်ပြီး သာသနာပြုလေ့ရှိတဲ့ ဗုဒ္ဓဘာသာရဲ့ သာသနာ ပြုနည်းနှင့် လူထုအကြား တိုးဝင်ပြီး သာသနာပြုတတ်တဲ့ အခြားဘာ သာတို့ ရဲ့ သာသနာပြုနည်းကို နှိုင်းယှဉ်ဖော်ပြထားပုံက ပေါ်လွင်မှုရှိလို့ သဘောကျသွားခြင်းပါ။

ဗုဒ္ဓဘာသာဟာ ခရစ်ယာန်၊ အစ္စလမ် ဘာသာတို့ ထက်နှစ်ပေါင်းရာ ထောင်ချီစော၍ ပေါ်ထွန်းလာခဲ့ပေမယ်ြသာသနာတော်တွက် စွန့်လွှတ် အနစ်နာခံ သာသနာပြုမည့်သူက နည်းပါးခဲ့မှုကြောင့် ခေတ်အဆက်ဆ က်မှာ ကျဆင်းမှုဘက်ကိုသာ ဦးတည်လာကြောင်း မီးမောင်းထိုးပြလိုက် တော့ စဉ်းစားစရာတွေက ခေါင်းထဲ တသီကြီး ရောက်လာတယ်။

၁၈၁၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်လာသူ အမေရိကန်လူမျိုး နှစ်ခြင်းခရစ်ယာန် ဓမ္မဆရာ (ဒေါက်တာ အဒွန်နီယ န်ဂျက်ဆင်) ယုဒဿန်ဆိုသူက "လက်ဝါးကပ်တိုင် ထာဝရမရှင်သန်သ ရွေ့ မြန်မာနိုင်ငံက ငါမထွက်ဘူး" လို့ ခိုင်မာစွာ သန္နိဋ္ဌာန်ချပြီး သာသနာ ပြုသွားကြောင်း၊ သာသနာ ပြုလို့ ၉ နှစ်ခန့် ကြာတဲ့ အခါ သူတို့ ဘာသာ သို့ ကူးပြောင်းသွားသူ (၁၇)ဦးသာ ရှိကြောင်း ရေးထားတယ်။ ဆရာရေ နှစ်ပေါင်း (၂၀၀) ခန့်ကြာတဲ့ ယခုအချိန်မှာ တော့ သူတို့ ဘာသာထဲဝင် သူက (၃) သိန်းလောက်အထိ တိုးပွားသွားပြီ။ အဲဒီ ကိန်းဂဏန်းအတိုင်း ဆိုရင် သူတို့ ဘက်က တက်ရိပ်ကို ပြနေပြီး ကိုယ့်ဘက်မှာ တော့

ကျရိပ်ပြနေသလို ထင်ရတယ်။ ကိုယ့်ကို ကျော်တက်မသွားမီ ဘယ်လိုကြိုးပမ်းလုပ်ဆောင်သင့်လဲဆိုတဲ့ နည်းလမ်းရှာဖွေဖို့ အချိန် တန်ပါပြီ။

အိန္ဒိယနိုင်ငံသားတို့ မှာ အမျိုးသားရေးစိတ်ဓာတ် အခိုင်အမာ ရှိခဲ့သည့်အတွက် သူတို့ ကိုးကွယ်တဲ့ ဟိန္ဒူဘာသာကို အန္တရာယ်ပြုလာတဲ့ ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနဲ့ အစ္စလမ်ဘာသာတို့ ကို တွန်းလှန်နိုင်စွမ်းရှိခဲ့တယ်။ အဲဒီစွမ်းရည်ကြောင့် ကမ္ဘာ့လူဦးရေရဲ့ ၁၄% ဖြစ်တဲ့ သန်းပေါင်း ၉၀၀ ကျော်လောက်ထိ သူတို့ ဘာသာကို ကိုးကွယ်နေဆဲ ရှိကြောင်း၊ ကမ္ဘာမှာ ကိုးကွယ်သူ တတိယအများ ဆုံး ဘာသာဖြစ်ကြောင်း ဆိုထားသဖြင့် အားကျသလို ဖြစ်သွားတယ်။

## နည်းစနစ်ပိုင်း အားနည်းချက်

ဆရာ ခင်မောင်နှင်းရေ…ထေရဝါဒ သာသနာ့ ဝန်ထမ်း ရဟန်းတော်များ ရဲ့ ရင်ထဲမှာ သာသနာတော်ကို ချစ်မြတ်နိုးတဲ့ စိတ်၊ တန်ဖိုးထားတဲ့ စိတ် မရှိလို့ မဟုတ်ပါဘူး။ တကယ်တော ဓမ္မာစရိယဘွဲ့နဲ့ ဒေါက်တာဘွဲ့ရထားတဲ့ ရဟန်းတွေတောင် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ယောင်လည်လည် ဖြစ်နေတာ တွေ့မှာ ပါ။

ဆရာ ခင်မောင်နှင်းရေ…ကျုပ်တို့ ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ သာသနာပြုနည်းဆိုတာက ပရိယတ္တိစာပေ ကွယ်ပျောက်မသွားရေး လက်ဆင့်ကမ်းထိန်းသိမ်းဖို့ လောက်ပဲ သင်ယူလေ့လာခဲ့ရတာ မဟုတ်လား။ သာသနာ့ဝန်ထမ်းတွေ သင်လာရတဲ့ အထဲမှာ သာသနာ ပြန့်ပွားရေးဆိုင်ရာ လက်တွေ့ နည်းလမ်းဆိုတာ မပါဘူး။ မပါလို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သာသနာပြုမယ် ကြံရွယ်ပြန်တော့လည်း သာသနာပြု နည်းစနစ်ဆိုတာ

မရှိသည့်အပြင် အထောက်အပံ့ပေးမယ့် လူမှုရေးအဖွဲ့အစည်းဆိုတာက လည်း မရှိပြန်ဘူး။ အဲဒီလို နောက်ခံ ဘက်ကရောင်း မရှိတဲ့ အခြေအနေ မျိုးနဲ့ ရင်ဆိုင်နေရတယ်။ ဒါပေမဲ့ ဘယ်လိုအခြေအနေမျိုးပဲ ကြုံပါစေ၊ ကျုပ်တို့ ဗုဒ္ဓဘာသာတွေက အလျှော့မပေးချင်ဘူးဗျ။ ဘာတဲ့ လောကုတ္တ ရာရေးမှာ တို့ ဗုဒ္ဓဘာသာ တွေက သာတယ်ဆိုပြီး ကြွဖန်ပြောတဲ့ အသံကြားရမှာ ပေါ့။ ဘယ်လိုပဲဖြစ်ပါစေ၊ လောကီရေးရာမှာ တော့ သူ တို့ ကို မသာဘူးဆိုတာ ဝန်ခံရလိမ့်မယ် ဆရာရေ..။

## အားရှိဖို့ အားမွေးကြပါစို့

ခရစ်ယာန်ဘာသာမှာ ဂိုဏ်းအလိုက် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေစုဆော င်းပြီး သူတို့ လက်အောက် အဖွဲ့တွေမှာ လိုအပ်ရင် အဲဒီရန်ပုံငွေနဲ့ ထော က်ပံ့ပေးတယ်။ လုံလောက်မှုမရှိသေးဘူးဆိုရင် သူတို့ ကို ထောက်ပံ့ပေး နိုင်တဲ့ လူမှုရေးအဖွဲ့အစည်းဆိုတာ တွေက အဆင်သင့် ရှိနေသေးတယ်။ အဲဒီ ဘတ်ဂျတ်ငွေကို အသုံးပြုပြီး သာသနာပြုဆိုင်ရာသင်တန်းကို စန စ်တကျလေ့ကျင့် သင်ကြားပေးကြတယ်။ အစ္စလမ် ဘာသာမှာ လည်း သာသနာပြုနည်းစနစ်ရှိသလို ထောက်ပံ့မယ့် လူမှုအဖွဲ့အစည်း တွေက ရှိနေတော့ စနစ်တကျ သာသနာပြုနိုင်တာပေါ့။

ဆရာရေ…ကျုပ်တို့ ရဟန်းတော်များမှာ အခြားဘာသာတွေနဲ့ ယှဉ်ပြိုင် သာသနာပြုရမယ်ဆိုရင် လက်တွေ့သာသနာပြုနိုင်မယ့် နည်း လမ်းတွေရှိဖို့ လိုအပ်နေသလို၊ ဝန်ဆောင်စရိတ်ထောက်ပံ့ပေးမယ့် လူမှု ရေးအဖွဲ့အစည်းတွေလည်း ရှိဖို့ လိုအပ်နေပါတယ်။ အဲဒီ လိုအပ်ချက်ကို တာဝန်ရှိသူတွေက အချိန်မှီဖန်တီး ထုတ်ဖော်ပေးမယ် ဆိုရင်တော့ အ ကောင်းဆုံးသာသနာပြုနိုင်မှာ ပါ။ ဆရာ ခင်မောင်နှင်းအနေနဲ့ လည်း ရ

ဟန်းတော်များ သာသနာပြုနိုင်ဖို့ လိုအပ်တဲ့ အကြံပြုစာပေမျိုး ဆက်လက်ရေးသားပေးပါဦး..။

**ဘဒ္ဒန္တကောသလ္လ (မြေပုံဆရာတော်)**

## ဦးဆန်းလင်း (ဆည်မြောင်း၏ အမှာ စာ)

စာရေးဆရာတစ်ဦး စာရေးဖြစ်စေရန် စေတနာနိုးထစေရာ၌ အကြောင်းအမျိုးမျိုးရှိနိုင်သည် ။ ၎င်းအကြောင်းများ ထဲမှ အောက်ပါအကြောင်း ၄ ရပ်သည် အဓိက ကျသည် ဟု ဆိုနိုင်သည် ။ ယင်းတို့ မှာ -

(၁) ကိစ္စတစ်ခုနှင့် ပတ်သက်၍ မိမိတော်ကြောင်း၊ တတ်ကြောင်း ပြသချင်သည့်အတွက် စာရေးဖြစ်တတ်သည် ။

(၂) အလှအပကို ဖန်တီးချင်သောကြောင့် စာရေးဖြစ်တတ်သည် ။

(၃)အရေးကြီးသည့် အကြောင်းအရာများကို သားစဉ်မြေးဆက် မပျောက်မပျက်တည်တံ့စေရန် မှတ်တမ်းပြုချင်သည့် အတွက်လည်း စာရေးဖြစ်တတ်သည် ။

(၄) အများ အကျိုးရှိအောင် ပြုပြင်လို၍ လမ်းညွှန်လိုသည့် အတွက်ကြောင့်လည်း စာရေးဖြစ်တတ်သည် ။

ဤသို့ တစ်နည်းနည်းနှင့် စာရေးဖြစ်သောအခါ ရေးဖြစ်သော စာအတွက် ဝေဖန်အကြံပြုချက် အဖြေထွက်ဖို့ ရန် ၊ ဆန္ဒအမှန်ဖြင့် တောင်းခံလာသည့်အတွက် ဤစာအုပ်၏ ‘အမှာ စာ’ကို ကျွန်တော် အောက်ပါအတိုင်းရေးသားအပ်ပါသည် ။

စာရေးဆရာ ခင်မောင်နှင်း (ကျောက်ပန်းတောင်း) ၏ စာတိုသည်

အထက်၌ ဖော်ပြပါ အမှတ်စဉ်(၃)နှင့် (၄)တို့ ကို ကိုယ်စားပြုထားကြောင်းတွေ့ရပါသည် ။ အမှတ်စဉ် (၄) နှင့် (၃) သည် ဟုတ်မှန်ပြီး အကျိုးရှိသည့်အတွက် သူတစ်ပါး လက်ခံသည် ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ ရေးအပ်ပါသည် ။ ထို့ကြောင့် ရေးပါလေ။

လက်ရှိ ခေတ်အခါသည် ပိုမိုဆုတ်ယုတ်သည့် အဆင့်သို့ ဦးတည်နေသည် ဟု ကျမ်းဂန်များက ဆိုထားကြပေသည် ။ မှန်၊ မမှန်ရှေ့တွင် သိရပေမည်။ သို့သော် သိရမည့်အချိန်တွင် ပညာရှိလူသားမှ ကျန်ပါလေဦးမလား။

မှန်၏။ လူတို့ သည် နေ့စဉ်တွေ့ကြုံနေသည့် အာရုံတရားတို့ အပေါ်၌ အာသာငမ်းငမ်းဖြစ်နေမှု၊ အသိဉာဏ်များ ထုံထိုင်းဆုတ်နစ်နေမှု၊ အကျိုးအပြစ်တို့ ကို မစိစစ်နိုင်မှု၊ ဘုရားမှန်း တရားမှန်း မသိမှု၊ ဒိဋ္ဌိအမြင်၊ ဒိဋ္ဌိအသိတွေ ကြီးစိုးမှုတို့ ဖြင့် စစ်မှန်သော ဘာသာ၊ သာသနာ အခန်းကဏ္ဍကို မေ့လျော့နေတတ်ကြလေသည် ။ ပညာခေတ်ဟု ကြွေးကြော်ထားသော်ငြား အလိမ္မာပညာထက် အတန်းပညာကိုသာ ဦးစားပေးနေတတ်ကြသည် ။ သဘာဝကို နားမလည်ဘဲ နည်းပညာတစ်ခုတည်းနှင့် ထင်ရာစိုင်းနေတတ်ကြသည် ။ ငသိုင်းများ တော့ ဟင်းဟုန်သည် ။ ဆရာများ တော့ သားသေသည် ။ အများကြီးရှိခြင်းသည် ဘာမှမရှိခြင်းကဲ့သို့ပင် တစ်ခါတစ်ရံ ပြဿနာ ဖြစ်တတ်ပါသည် ။

ဤစာအုပ်သည် အမျိုးဘာသာ သာသနာအတွက် မိမိတို့ လျှောက်သော လမ်းကို ပို၍ ဖြောင့်ဖြူးအောင် ပြင်ဆင်ပေးထားပါသည် ။ မေ့နေသော ဆင်ခြင်တုံတရားကို လက်တို့ ပေးထားပါသည် ။ ဗုဒ္ဓဓမ္မယဉ်ကျေးမှုဓလေ့နှင့် ရင်ဆိုင်တွေ့ပေးထားပါသည် ။ ပိဋကတ်မှန်ပြောင်းအချို့ကို လက်ထဲသို့ ထည့်ပေးထားပါသည် ။ တစ်နည်းဆိုရပေတော့

မည်။ ထို့ကြောင့် ဖတ်ရှုထိုက်သော စာအုပ်တစ်အုပ်ဟု တိုက်တွန်းအပ်ပါသည် ။

စာရေးဆရာ ခင်မောင်နှင်း (ကျောက်ပန်းတောင်း) သည် လူအများ နားလည်အောင် အတော်ရေးနိုင်သော ကျမ်းဂန်နှင့် အညီလည်း ရေးနိုင် သော ဗုဒ္ဓဓမ္မကို သာသနာတော်အတွက်လည်း တာဝန်ရှိရှိ လေးလေး စားစား တင်ပြထားသူ တစ်ဦးဖြစ်ကြောင်း ယုံကြည်ခံစားမိပါသည် ။

ဤစာအုပ်ကို ဖတ်ရှုကြရာဝယ် ရံခါက ကလောင်ကြောတင်းသည် ဟု ခံစားမိကြပါကုန်ငြားအံ့။

ဤစာအုပ်ပါ "စာရေးသူ၏ ရင်ဖွင့်စကားသံ" ဟူသော ခေါင်းစဉ်နှင့် အကြောင်းအရာကို ပြန်လည်ဖတ်ရှုဆင်ခြင်ခြင်းအားဖြင့် သူ၏ စေတ နာကို မြင်သာနိုင်ကြပါကုန်သည် ဟူ၍ ....။

**ဦးဆန်းလင်း (ဆည်မြောင်း)**

***

# ဦးလှသန်းထွဋ်မှ ဓမ္မာစရိယ- ဘီအေ H.G.P ၏ အမှာ စာ

ဦးခင်မောင်နှင်းထံမှ ပို့လိုက်သော စာမူ လက်ခံရရှိသည် ။ အမှာ စာရေးပေးရန်လည်း ဖုန်းဆက်လာပါသည် ။ ဆရာခင်မောင်နှင်း၏ ဗုဒ္ဓဘာသာ အရေး သွေးမအေးစေရန် ဝေဖန် အကြံပြုစာအုပ်များ သည် တစ်အုပ်ပြီး တစ်အုပ် ထွက်လာသည် ။ ရင်ထဲမှ ခံစားချက်များကို စေတနာအပြည့် သဒ္ဓါအပြည့် ပညာ ထည့်စွက်၍ အချက်ကျကျ တင်ပြချက်များ ၊ အကြံပြုချက်များ ဖြစ်၍ ဗုဒ္ဓဘာသာ ရဟန်းရှင်လူတို့ နှစ်သက်သဘောကျလာသည် ကို တွေ့ရသည် ။

ဆရာခင်မောင်နှင်းကို ကျေးဇူးတင်ပါသည် ။ သူရေးနေသော အကြောင်းအရာများကို သတ္တိရှိရှိ၊ တကယ်ရေးသားရမည့် သူများမှာ သာသနာ့ ဝန်ထမ်း ပညာတတ် ဆရာတော်၊ သမားတော်များက ပထမဖြစ်ရမည်ဟု ကျွန်တော်ယုံကြည်ပါသည် ။ အဘယ့်ကြောင့်နည်း ဆိုသော် ဘုရားသားတော် ရဟန်းတော်များ သည် သာသနာတော်၏ ဝန်ထမ်းနေကြသည့် ဘုရားရှင်၏ အမွေခံ၊ ဘုရားရှင်၏ ရင်သွေးရင်နှစ် သာသနာတော်၏ ကျေးဇူးကို ခံစားနေကြရသူများ ဖြစ်သောကြောင့် ပါတည်း။ ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် စားဝတ်နေရေး ပစ္စည်းလေးပါး ပြည့်စုံသည့်အပြင် လူနတ်ဗြဟ္မာတို့ ၏ ဦးခိုက်မှုကို လက်တွေ့ ခံစားနေကြရသူများ ဖြစ်ပါသည် ။ ထို့ကြောင့်ပင် ရဟန်းသံဃာတော်တို့ သည် ဘုရားစကားတော်ကို အပြည့်အဝလိုက်နာကြပြီး ဘုရားရှင်၏ သာ

သနာတော်ကြီး ကမ္ဘာတည်သရွေ့ တည်ရှိနေစေရန် ကျေးဇူးဆပ်ရန် တာဝန်ရှိကြပါသည် ။

ဗုဒ္ဓဘာသာ သာသနာတော်ကြီးသည် ငှက်ခါးပျံသလို နိမ့်တုံ မြင့်တုံ ခရီးဆက်ခဲ့ပါသည် ။ သာသနာပြုမင်းများ သာသနာပြုရဟန်းတော်များ လက်ထက်တွင် ပြည်သူတို့ သည် တက်ကြွစွာ ကိုးကွယ်ခဲ့ကြသဖြင့် သာသနာတော် ထွန်းကားတောက်ပခဲ့ကြောင်း တွေ့ရပါသည် ။ သာသနာရေး အားမပေးသော မင်းများ သာသနာတော်ကို နှောင့်ယှက်လိုသော ဘာသာခြားမင်းများ ၊ အစိုးရများ ၊ ခေါင်းဆောင်များ ခေတ်ရောက်သောအခါ အာဏာစက် တွန်းအားမဲ့သဖြင့် သာသနာတော် အားလျော့တတ်ပါသည် ။ ထိုသို့သော အခါသမယမျိုး ရောက်လာသောအခါ ရဟန်းတော်တို့ ၏ ဓမ္မစက်ကြောင့် သာသနာ အရောင်ပြန်လက်ရပြန်ပါသည် ။ ထို့ကြောင့် အမွေခံ သားတော် ရင်းခြာ ရဟန်းသံဃာတော်များသည် ဗုဒ္ဓမြတ်စွာ၏ သာသနာပြု လုပ်ငန်းများ တရားဟောခြင်း၊ စာသင်ပြခြင်း၊ သာသနာပြု လုပ်ငန်းများကို အင်တိုက် အားတိုက် ဖော်ထုတ်ရန် တာဝန်ရှိလာပါသည် ။

သံဃာတော်များ ပြီးလျှင် ဒုတိယ တာဝန်ရှိသောသူများမှာ သာသနာတော်၏ အမွေကိုခံယူခဲ့ပြီး သာသနာ့ဘောင်မှ လူ့ဘောင်သို့ ပြောင်းရွှေ့လာသော သူတို့ တွင် တာဝန်ရှိပါသည် ။ သူတို့ သည် သာသနာတော်အတွင်း နေ့စဉ် ဘုရားရှင်က ကျွေးမွေးပြုစုလိုက်ပြီး ပိဋကတ်စာပေများကို သင်ပေးကာ လူတစ်လုံးသူတစ်လုံးဖြစ်အောင် လက်ခံရရှိခဲ့သော သူများ ဖြစ်ပါသည် ။ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှု စသည် ပါဝင်သော သာသနာပြုလုပ်ငန်းကြီး ထာဝရရှင်သန်နေရန် စဉ်ဆက်မပြတ် အားထုတ်ရမည့် တာဝန်ရှိပါသည် ။

ယခု ဆရာခင်မောင်နှင်းက ထိုတာဝန်ကို ယူနေသဖြင့် ကျွန်တော်တို့ ကျေးဇူးတင်ပါသည် ။ တကယ်လည်း လေးစားပါသည် ။ အမှန်တကယ် တော့ ကျွန်တော်တို့ သည် မြန်မာလူမျိုးများ ဖြစ်ကြပါသည် ။ မြတ်စွာဘု ရားသည် သကျသာကီဝင်မင်းမျိုးဖြစ်ပါသည် ။ သကျလူမျိုးနွယ်စုနှင့် ကျွန်တော်တို့ မြန်မာလူမျိုးတို့ သည် တိဗက် မြန်မာလူမျိုးနွယ်ကြီးမှ ဆ င်းသက်လာသည့် အမျိုးတူ အနွယ်သူ သွေးတူသားတူ ဆွေမျိုးရင်းခြာများ ဖြစ်ပါသည် ။ ဗုဒ္ဓမြတ်စွာ ၏ ဗုဒ္ဓဘာသာသည် မြန် မာလူမျိုးတို့ အတွက် သွေးရင်းသားရင်း ဖြစ်ပါသည် ။ သွေးကပြော သော ဘာသာ ဖြစ်ပါသည် ။ တိဗက်မြန်မာအုပ်စုတွင် သကျလူမျိုးရှင် တော် ဗုဒ္ဓ၏ သာသနာတော်ကို တိဗက်မြန်မာ အုပ်စုဝင် မြန်မာလူမျိုးတို့ က စောင့်ရှောက်ရန်၊ ကာကွယ်ရန်၊ တိုးတက်ကျယ်ပြန့်အောင်၊ ထွန်း ကားအောင် သာသနာပြုရန် တာဝန်ရှိလာပါသည် ။ ယခုအခါ သကျလူ မျိုးတို့ သည် မြန်မာလူမျိုးတို့ နှင့် ပူးပေါင်းသွားပြီဖြစ်၍ မြန်မာသည် သ ကျလူမျိုးတို့ ၏ လူမျိုးတာဝန်လုပ်ငန်းကို ဖြည့်စွက်ထမ်းဆောင်ရန် အ လိုလို တာဝန်ရှိလာပါသည် ။ မြန်မာသည် သကျ၊ သကျသည် မြန်မာ ဖြ စ် လာပြီ ဖြစ်၍ သကျဗုဒ္ဓ၏ သာသနာတော်တိုးတက် အဓွန့်ရှည်ရေးအ တွက် သာသနာပြု တာဝန်ကို မြန်မာတို့ မယူလျှင် မည်သူ ယူပါမည်န ည်း။

သကျဗုဒ္ဓ၏ တရားတော်များ သည် သကျ မြန်မာတို့ အတွက် အသ က် ဖြစ်နေပါပြီ။ နှစ်ပေါင်း ထောင်ပေါင်းများ စွာ ယုံကြည်လက်ခံထားပြီး အနော်ရထာမင်းလက်ထက်တွင် ရာနှုန်းပြည့် ယုံကြည်ကိုးကွယ် လာခဲ့သဖြင့် ဗုဒ္ဓတရားတော်များ သည် မြန်မာတို့ ၏ အမျိုးသားယဉ်ကျေးမှု မဏ္ဍိုင်ကြီး ဖြစ်နေပါသည် ။ ထို့ကြောင့် မြန်မာ တို့ သည် မိမိတို့ ၏ အမျိုးသားယဉ်ကျေးမကို ထိန်းသိမ်းရင်း သကျဗုဒ္ဓ

သွေးတူသာသနာ မြန်မာတစ်ပြည်လုံး ဖုံးလွှမ်းနိုင်ရေး ကမ္ဘာအထိပြန့်နှံ့ ရောက်ရှိရေးအတွက် သာသနာပြုတာဝန်ကို ယူရပါမည်။ ဤသာသနာပြုမှု လုပ်ငန်းသည် မြန်မာတို့ အတွက် လူတိုင်း ပြုလုပ်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ကြီး ဖြစ်ပါသည် ။

မြန်မာတို့ ကံကောင်းသည် မှာ သကျဗုဒ္ဓ၏ အဆုံးအမများ သည် လူသားအကျိုးပြု သံသရာ ချမ်းသာရေး ဘဝလွတ်မြောက်ရေး တရားအစစ်အမှန်ဖြစ်၍ ကမ္ဘာတွင် အကောင်းဆုံးဘာသာအဖြစ် ဘာသာပေါင်းစုံမှ ပညာရှင်တို့ က သတ်မှတ်ခဲ့ပြန်ပါသည် ။ သိပ္ပံပညာရှင်များကလည်း ကမ္ဘာသာမက စကြဝဠာတစ်ခုလုံး ကိုးကွယ်ထိုက်သည့် အကျိုးအရှိဆုံး၊ အကောင်းဆုံး ဘာသာအဖြစ် သတ်မှတ်ခံရသဖြင့် အချိုပေါ်သကာလောင်း အမွန်မြတ်ဆုံး ကိုးကွယ်မှုဖြစ်ပါသည် ။

လူသားတို့ အကျိုးပြု ငြိမ်းချမ်းရေးအစစ်အမှန်ကို လက်တွေ့ပေးအပ်နိုင်သော အကောင်းဆုံးအဖြစ် ဘာသာရေးခေါင်းဆောင်တိုင်း ဦးညွတ်အလေးပြုရသော ဗုဒ္ဓဘာသာသည် အကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာ့ အလယ် မျက်နှာငယ်နေရပါသည် ။ သို့သော်လည်း သမိုင်းတစ်ကွေ့ရောက်လာပါပြီ။ ယခုအခါ ကမ္ဘာတစ်ဝှမ်းလုံးသည် ဘာသာရေးကို နောက်ခံထားသော စစ်ရေး စစ်ရာတို့ သည် ပဋိပက္ခအသွင် ဆောင်လာသည်ကို မျက်မြင်ရင်ဆိုင် ကြုံတွေ့နေကြရပါသည် ။ ဘာသာရေးကြောင့် သေကြေ သွေးမြေကျနေပါသည် ။ လူသားတို့ ၏ အတ္တ မာန ပြင်းထန်မှုနှင့် လောဘ၊ ဒေါသ ၊ မောဟ ရှေ့တန်းတင်မှုတို့ ကြောင့် ငြိမ်းချမ်းရေးဝေးနေပါသည် ။

ငြိမ်းချမ်းရေးကို လိုလားတောင့်တမှု ပြင်းထန်နေပါသည် ။ ဘာသာရေး ပဋိပက္ခ ဖြစ်စေနိုင်သည့် ဘာသာရေးများကို ဆန်းစစ်လာကြပါသ

ည် ။ တကယ့် သာယာသည့် လူ့ဘောင်ကို ဖော်ဆောင်နိုင်ပြီး ကမ္ဘာ့ငြိမ်း ချမ်းရေးကို ပေးအပ်နိုင်မည့် ဘာသာကို ရှာဖွေကြသောအခါ အိုင်းစတိုင်း၊ ဘာထရန်ရပ်ဆဲ၊ အိပ်ဂျိဝဲ စသော ပညာရှင်တို့ လမ်းညွှန်ခဲ့ပြီး ကမ္ဘာ့ ဘာသာရေး ခေါင်းဆောင်တို့ ရွေးချယ်ခဲ့သည့် ဗုဒ္ဓ ဘာသာသည် သာ ငြိမ်းချမ်းရေးအတွက် အားကိုးရာ ဖြစ်လာပါသည် ။ ထို့ကြောင့်သမိုင်း၏ တောင်းဆိုမှုကို လက်လွှတ်မခံဘဲ မြန်မာရှင်လူရ ဟန်း ဗုဒ္ဓဘာသာဝင်တို့ ဆရာခင်မောင်နှင်း၏ အကြံပြုချက်ကို လေ့ လာပြီး ဗုဒ္ဓဘာသာ သာသနာ တိုးတက်ရေးအတွက် သာသနာပြုကြပါစို့ ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည် ။ သူ၏ အကြံပြုမှုများ သည် ဗုဒ္ဓ သာသနာ စစ်မှန် တိုးတက်ရေးအတွက် အားဆေး ဖြစ်ပါသည် ။

**ဦးလှသန်းထွန်း (ဓမ္မာစရိယ၊ ဘီအေ၊ အထက်တန်းရှေ့နေ)**
**သာသနာရေးပညာရှင်၊ ပိဋကအင်္ဂလိပ် ဘာသာပြန်**
**(အယ်ဒီတာ)**

*****

## "စာရေးသူ၏ ရင်ဖွင့်စကားသံ"

ကျွန်တော်သည် မြန်မာပီပီ ဇနီးသည် က မေးထားသည့် ဗေဒင်ဟောကို ပြောပြလျှင် ဘာမကောင်းတာလဲဆိုတာ သေချာနားထောင်တတ်ပါသည် ။ ဘာကြောင့် မကောင်းတာက စိတ်ဆင်းရဲစရာ ကောင်းတာကို ကြိုက်နှစ်သက်ရတာလဲလို့ မေးရင် ကျွန်တော်နားလည်တာက ကောင်းတာ ဖြစ်လာတာသည် လူတွေမှာ ခံစားမှု သိပ်မပြောင်းလဲပါ။ မကောင်းတာဖြစ်က ပြောင်းလဲမှု ကြီးစွာ ဖြစ်ပါသည် ။ အသက်ရှည်မယ် အရေးမကြီး၊ အသက်သေမှာ ပြောတာသည် အရေးကြီးပါသည် ။ ယခု မင်္ဂလာဈေးကြီးကြောင်းအောင် ဓာတ်လှေကားတွေ ပိုတပ်မယ် ။ ဆေးတွေပိုသုတ်မယ်၊ အဲယားကွန်းတွေတပ်မယ်၊ ဆိုင်ခန်းတွေထပ်ချဲ့မယ် စတဲ့ အကောင်းပြောင်းလဲမှု (၁၀၀) အတွက် လူတိုင်း သာမန်ခံစားမှုသာ ဖြစ်ပါမည်။ ယခု မီးလောင်တော့ ပိုင်ရှင်တွေသာမက တစ်နိုင်ငံလုံး ပူဆွေးရပါသည် ။ ထို့ကြောင့် စိုင်းထီးဆိုင်က "**ပိုနေရင်သာ မသိသာတယ် လိုနေရင် ဘဝတစ်ခုလုံး ဟာနေသလိုကွယ်**" လို့ ဆိုခဲ့တာပါ။ မြန်မာစကားမှာ လည်း ဆွမ်းဆန်ထဲ ကြွက်ချေးရောလျှင် ဆွမ်းဆန်ပျက်မည်၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်မည်။ သင်္ဂါယနာတင်မှုသည် လည်း ရဟန်းကြီး သုဘဒ္ဒ၏ ပုတ်ခတ်စကားကြောင့် စခဲ့ရပါသည် ။ ထို့ကြောင့် မကောင်းမှုသည် သေးသော်လည်း လွန်စွာ အန္တရာယ်ကြီးကြောင်း ထင်ရှားစွာ တွေ့ရပါမည်။ ယနေ့ ဗုဒ္ဓဘာသာ

သာသနာအတွက် ဘာတွေဟာနေလည်း သိရန် အရေးကြီးသည် ဟု ခံယူထားသည့်အတွက် ကျွန်တော် နားလည်သလောက် တင်ပြနေရခြင်း ဖြစ်ပါသည် ။ ကာကွယ်နိုင်ခြင်း၊ မနိုင်ခြင်း၊ လုပ်လာခြင်း၊ မလုပ်လာခြင်းက ကျွန်တောကံ ၊ သာသနာ့ကံပါ။ လုပ်စရာရှိတာ ရေးစရာရှိတာကို ကျွန်တော်မသေမီ စွမ်းနိုင်သလောက် လုပ်သွားရမှာ က ကျွန်တော့် တာဝန်ပါ။

ကျွန်တော်သည် ဗုဒ္ဓဘာသာ သာသနာကြီး အချိန်မတိုင်မီ ပြိုလဲတော့မည်ဟု ခံစားနေရသည် မှာ ဘာသာရေးကို နားလည်ကတည်းက ခံစားမိခဲ့တာပါ။ ကျွန်တော့်ရဲ့ တွေ့မြင်ချက်တွေကို ပြောရဲအောင် ပြောနိုင်အောင် အခြေအနေဖန်တီးလာတာသည် ၂၀၁၂ ခုနှစ် မေလ တွင် ဖြစ်ပေါ်ခဲ့သည့် ရခိုင် ဘင်္ဂါလီ အရေးအခင်းကို အစမှ အဆုံး ကိုယ်တိုင် တာဝန်ယူရချိန် ပိုမို သိမြင်လာခဲ့ပါသည် ။ ထိုအချိန် သိမြင်ချက်များကို ဆရာတော်များအား လျှောက်ထားရာ စာပေတွေ ရေးသားရန် မန္တလေးမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝနှင့် ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဓမ္မကာရာမကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တဣန္ဒာ စရိယတို့ ၏ တိုက်တွန်းအားပေးမှုကြောင့် စာရေးဆရာတစ်ယောက် ဖြစ်လာရခြင်း ဖြစ်သည့်အတွက် ဆရာတော်တို့ကို ရိုသေစွာ ဦးခိုက်မိပါသည် ။ ကျွန်တော့်စာပေများကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော် ဘုရားကြီး၊ သီတဂူဆရာတော် ဘုရားကြီးတို့ မှ လည်း တိုက်တွန်းအားပေးသလို မြန်မာပြည်အနှံ့မှ ဆရာတော်များ ၊ ဗုဒ္ဓဘာသာဝင်များ ၏ အားပေးမှုတို့ သည် ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်သော စွမ်းအား ဖြစ်သည့်အတွက် ဆရာတော်ဘုရားကြီးတို့ ကိုလည်း ရှိခိုးဦးတင်သလို အားပေးသည့် ဘာသာဝင်တိုင်းလည်း လွန်စွာ ကျေးဇူးတင်မိပါသည် ။

**ကျွန်တော်သည် ဗုဒ္ဓ၏ တရားများကို နားလည် လာလေ ဗုဒ္ဓကို ပိုမို ကြည်ညို လာလေ ဖြစ်မိပါသည် ။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာ ကမ္ဘာမြေမှ ကွယ်ပျောက်မည်ကို လွန်စွာ စိုးရိမ်လာပါသည် ။** သူများ တွေက ဘာသာရေးလုပ်ရင် ငြိမ်းချမ်းတယ်လို့ ပြောကြပါသည် ။ ကျွန် တော့်မှာ တော့ ပူလောင်နေရပါသည် ။ ဘာကြောင့်လည်း ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အများ စု ဘာသာပြိုလဲတော့မည်ကို မသိဖြစ်နေခြင်း၊ သိ သူများကလည်း မိမိအကျိုးတွက် နှာစေးနေခြင်း ဘာသာဝင်အများ စုက လည်း ဘာသာရေးကို စိတ်မဝင်စားတာတွေ မြင်နေသည့်အတွက် ကျွန် တော်တို့ ဘာသာဝင်တွေကို ဘယ်လိုများ နိုးရမလဲဆိုပြီး ကျွန်တော်လုပ် နိုင်သလောက် ကျွန်တော်ရေးတတ်သလောက် ဘာသာတည်တဲ့ တိုးပွား ရေးစာပေများကို ရေးနေရခြင်း ဖြစ်ပါသည် ။

ကျွန်တော်၏ ဘာသာအပေါ် စိုးရိမ်ပူပန်မှုကို ပြသည့် ပထမဆုံးစာ အုပ်ဖြစ်သည့် "**ယနေ့ဗုဒ္ဓဘာသာနှင့် ထွန်းတောက်ရေးအတွေး**" စာအု ပ်ကို ကိုယ်တွေ့အတွေ့အကြုံများ ဖြင့် ၂၀၁၃ မတ်လတွင် ရေးသားတင်ပြခဲ့ရာ အံ့အားသင့်ဖွယ် ယခုအခါ ၁၆ ကြိမ်မြောက် ရိုက်နှိ ပ်ခဲ့ပြီး အုပ်ရေ ကိုးသော်းကျော် ရောင်းချပြီး ဖြစ်ပါသည် ။ ကျွန်တော့် ရ ည်မှန်းချက်ဖြစ်တဲ့ ရဟန်းတစ်ပါးတစ်အုပ် မရောက်သေးလို့ ရဟန်း တွေကို ပေးသင့်သော စာအုပ်ဖြစ်သည် ဟု ယူဆလျှင် တတ်နိုင်သလော က် လက်ဆင့်ကမ်း ဖြန့်ဝေပေးစေလိုပါသည် ။ ဒုတိယစာအုပ်ဖြစ်သည့် "**ဘာသာကို လင်းစေ ကွယ်စေသူ**" စာအုပ်ကို ၂၀၁၅ ခုနှစ် မတ်လတွင် ထုတ်ဝေခဲ့ရာ စာဖတ်သူတို့ နှလုံးသားကို သိမ်းပိုက်လိုက်နိုင်သည့်အတွ က် နဝမအကြိမ်ထိ အုပ်ရေ သုံးသောင်းကျော်ကို ထုတ်ဝေပြီး ဖြစ်သော် လည်း ဘုန်းကြီးကျောင်း; တစ်ကျောင်း တစ်အုပ်မရောက်သေးပါ။ ကျွန် တော့်စာအုပ်များကို ဗုဒ္ဓဘာသာဝင်များမှ ဆယ်ရာထောင်ချီပြီး ဝယ်ယူ

အားလေးလျက်ရှိနေသည် မှာ ဘာသာအတွက် ဝမ်းမြောက်ဖွယ် ဖြစ်သော်လည်း သာသနာအတွက် လက်တွေ့ ဖော်ဆောင် လုပ်လာမှုမှာ တိုးတက်မှု အနည်းငယ် သာရှိသည် ဟု ထင်ပါသည် ။ ကျွန်တော်ကိုယ်တိုင်လည်း စာတွေ့လက်တွေ့ နှစ်ဖြာကို ကြိုးစားဖော်ဆောင်လျက်ရှိပါသည် ။ ယခုလည်း ကြိုးစားပြီး စာဖတ်သူတို့ ရှေ့ကို ဗုဒ္ဓဘာသာ သာသနာ တည်တံ့တိုးပွားရေး အတွက် တတိယစာအုပ်ကို ပို့လိုက်ပါပြီ။

ကျွန်တော်တင်ပြမှုသည် မသူတော်စကား မဟုတ်ပါ။ ကျွန်တော့်ရင်ထဲက အကြောက်တရားကို တင်ပြလို၍ ဖြစ်ပါသည် ။ ယနေ့ ကျွန်တော် စာရေးရတာ လွန်စွာ ကြောက်လာပါသည် ။ ဘာကြောင့်လဲ မေးစရာပါ။ စာဖတ်သူများ ၏ ကျွန်တော့် စာပေတွေ အပေါ် လွန်စွာပဲ အလေးထား တန်ဖိုးထားသည့်အတွက် ကျွန်တော်ရေးသားသည့် နောက်စာအုပ်တွေ စာဖတ်သူဆန္ဒကို မဖြည့်ဆည်းနိုင်မှာ ကြောက်နေခြင်းနှင့် ကျွန်တော် မသေမီ ကျွန်တော်တို့ ဘာသာ တည်တံ့တိုးပွားရေးကို မှန်ကန်စွာ လုပ်ဆောင်နိုင်သူ ပေါ် ထွန်းမလာမှာ ကို စိုးရိမ်နေခြင်း ဖြစ်ပါသည် ။ ကျွန်တော့်အပေါ် စာဖတ်သူတွေ အလေးထားလေ ကျွန်တော် ပိုကြိုးစားလေပါ။ သို့သော် "လူ့အလိုကို နတ်မလိုက်နိုင်" ဆိုသည့် စကားကိုလည်း ကျွန်တော် သတိရတော့ စာဖတ်သူတို့ အလိုကို ကျွန်တော်ရေးနိုင်မည်လို့ မထင်မိပါ။ စွမ်းနိုင်သမျှ ကျွန်တော်ကြိုးစား ရေးပါမည်။ လက်တွေ့လည်း လုပ်ပါမည်လို့ ကတိပေးလိုပါသည် ။ ကျွန်တော့်ရင်မှာ ခံစားနေရသည့် သာသနာအတွက် ကြောက်စိတ်ကတော့ ယခုထိ မပျောက်သေး၍ မသေမီ ပျောက်ပ့ါမလား မသိပါ။

အ ကြော ်င်းမှ ာ ကျွန်တော်တို့ ဘာသာဝင်အများ စုသည် အယူစွဲအမှားများ အလုပ်အမှားများကို အမှန်ထင် လုပ်နေသူများ များနေသောကြောင့် ကျွန်တော်တို့ ဘာသာ တည်တံ့တိုးပွားရေးအတွက်

စွမ်းနိုင်သည့် ဘာသာဝင်တိုင်းမှ စာတွေ့၊ လက်တွေ့ လက်ဆင့်ကမ်း လုပ်ပေးနိုင်မှ သာ ဆယ်စုနှစ် တစ်စုတွင် ဗုဒ္ဓဘာသာ သာသနာသည် မှန်ကန်သော လမ်းကြောင်းပေါ် ရောက် လာပြီး နောင်နှစ်ငါးရာကျော်လျှင် စကြဝဠာတစ်ခုလုံး ကိုးကွယ်မည့် ဗုဒ္ဓဘာသာဖြစ်လာလိမ့်မည်။ မလုပ်နိုင်လျှင်တော့ ပြိုလဲမည်ကို ဆရာတော်များ နှင့် ဗုဒ္ဓဘာသာဝင်အများ စုသိနသော်လည်း မသိဟန်ဆောင်နေမှု လက်မှိုင်ချနေမှုက သာသနာကို ကယ်တင်သူမဲ့ ဖြစ်စေပါသည် ။ ဆရာတော်တို့ ကျွန်တော်တို့ ကိုယ်စီ ညီညွတ်စွာဖြင့် နိုင်ရာ နိုင်ရာ စွမ်းရာ စွမ်းရာကို လုပ်မှ သာသနာတည်ပါမည်။ မလုပ်ရင်တော့ သာသနာကွယ်ပါမည်။

ဗိုလ်ချုပ်အပါအဝင် မြန်မာ့ အာဇာနည်များ အသက်ပေးခဲ့လို့ မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့တာပါ။ ယနေ့ ကျွန်တော်တို့ သာသနာအတွက် ပေးဆပ်လုပ်လိုသူ မရှိလျှင် သာသနာကွယ်မှာ မုချပါ။ သာသနာအတွက် ပေးဆပ်လုပ်မည့်သူ များ စွာလိုနေပါသည် ။ မိမိတို့ အကျိုးသာ ကြည့်နေသူများ နေလျှင်တော့ သာသနာသည် ကယ်တင်သူမဲ့ ဖြစ်ပါမည်။ ယခုစာအုပ်သည် ကျွန်တော် စာပေဟောပြောပွဲသွားစဉ် တွေ့ကြုံရသည့် ဗုဒ္ဓဘာသာ အများ စု၏ ခံယူချက် စိတ်ထားနှင့် သာသနာအတွင်းမှ ဆုံးရှုံးနေသည့်အင်အား မြန်မာလူမျိုးတို့ ၏ စာရိတ္တ အခြေအနေတို့ ကြောင့် ဗုဒ္ဓဘာသာ သာသနာကျဆင်း ပျောက်ကွယ်တော့မည့် အခြေအနေတို့ကို ဖတ်မိသမျှ စာအုပ်များ အပေါ် အခြေခံပြီး ရေးသားထားသည့် ဆောင်းပါးများ နှင့် ထပ်ဖြည့်ဆောင်းပါးများကို စုစည်းတင်ပြလိုက်ခြင်း ဖြစ်ပါသည် ။ ပြန်လည် ဖြည့်စွက်ရေးသား ရသည့်အတွက် စာအုပ်ထွက်ချိန်နောက်ကျမှုကို ခွင့်လွှတ်နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် ။

ယနေ့ ဗုဒ္ဓဘာသာ သာသနာတည်တံ့တိုးပွားရေး အတွက် ဆောင်ရွက်နေသည့် ရဟန်း ၁၅% ပင် အနိုင်နိုင် ဖြစ်နေသည် ထင်ပါသည် ။ လ

က်ရှိအတိုင်း သွားနေ လုပ်နေက သာသနာကွယ်မည် ထင်သည့်အတွက် "ရဟန္တာ ဖြစ်ပြီလား နိဗ္ဗာန်ရောက်နေလား" ဆောင်းပါးများ ဖြင့် တပ ည့်တော်တို့ သာသနာတည်တံ့တိုးပွားရေး အတွက် သာသနာပြုများ မဖြ စ်မနေဆောင်ရွက်ရမည့် တာဝန်နှင့် သာသနာအတွင်း ပျောက်ဆုံးနေ ရ ဟန်းတော်များ သာသနာအတွက် တစ်ထောင့်တစ်နေရာမှ ဝင်ရောက် လုပ်ကိုင်မှ သာ သာသနာတည်မည်ကို တင်ပြထားပါသည် ။ လစ်ဟာ နေသော ဆရာတော်တို့ ၏ အားသည် မျက်မှောက်ခေတ် ဘာသာရေး အခြေအနေအရ လွန်စွာလိုအပ်နေသည့်အတွက် ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည် ။ ဆရာတော်တို့ သာ သာသနာအ တွက် လုပ်ပေးပါက တပည့်တော်တို့ ဘာသ ကမ္ဘာလွှမ်းရန် ရှိသည် လို့ လျှောက်လိုပါသည် ။ ယခု တင်ပြချက်ထက် ပိုမိုခိုင်မာသည့် တင်ပြချက် အဖြစ် "ကိန်းဂဏန်းများကပြောသော ဘာသာအရေး" စာအုပ်ကို ပြုစု ရေးသား၍ ဗုဒ္ဓဘာသာ၏ ပြည်တွင်းပြည်ပ အခြေအနေမှန်နှင့် လုပ် ဆောင်သင့်သည် တို့ ကို ဆက်လက်ရေးသားပြီး တင်ပြပါမည်။

ကျွန်တော့်စာအုပ်တွင် အမှာ စာရေးသား ချီးမြှင့်ပေးပါသော ဆရာ တော် ပဏ္ဍိတဝရာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်၊ သာသနာ့တက္ကသို လ်၊ မန္တလေး)၊ ဘဒ္ဒန္တလောသလ္လ(မြေပုံဆရာတော်)၊ စာရေးဆရာ ဦးလှ သန်းထွဋ်ဋ (ဓမ္မာစရိယ၊ ဘီအေ၊ HGP) ၊ စာရေးဆရာ ဦးဆန်းလင်း (ဆ ည်မြောင်း) တို့ အား အထူး ကျေးဇူးတင်ရှိပါသည် ။

စာအုပ်ကို ဖတ်ရှုဝေဖန်ပေးသော ဆရာတော် ဦးကေသဝ (ကျောင်း ထိုင်ဘုန်းကြီးသင်တန်းကျောင်း ၊ မန္တလေး)၊ ဆရာတော် ဘဒ္ဒန္တကေသရ (မော်ကွန်းထိန်းဆရာတော်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ၊ မန္တလေး)၊ ဆရာတော် ဦးအာလောကာစာရ (သာသနာ့တက္ကသိုလ်၊ မန္တ လေး)၊ ဒေါက်တာ ဦးကုဏ္ဍလ (သီတဂူ၊ မန္တလေး)၊ ဆရာကြီး နတ်မော

က်ထွန်းရှိန်၊ ဆရာမ နုနုကြည် (အမေ့အိမ်)၊ ဆရာမ အေးအေးခိုင်( ပညာရေး) နှင့် တက္ကသိုလ် ကိုသုတို့ အား အထူးကျေးဇူးတင်ရှိပါသည် ။ စာ၏ အမှားအမှန်အားလုံး သည် ကျွန်တော်၏ တာဝန်သာ ဖြစ်ပါသည် ။

ကျွန်တော်သည် စာပေများကို လေ့လာနေဆဲ ဖြစ်ပါသည် ။ ဗုဒ္ဓစာပေများကို ကျွန်တော်နားလည်သလောက် ဗုဒ္ဓဘာသာ တည်တံ့တိုးပွားရေး၏ အန္တရာယ်များကို ရေးသားတင်ပြနေခြင်း ဖြစ်ပါသည် ။ ရေးလိုသည့် စာအုပ်များကလည်း တန်းစီနေပါသည် ။ ကျွန်တော့် ရေးသားမှုသည် ဆရာကြီး လုပ်လို၍ ရေးသားတင်ပြခြင်းမဟုတ်ပါ။ ဆရာကြီးပုံစံ ဖြစ်နေလျှင်လည်း ပြုပြင်ဆုံးမပေးစေလိုပါသည် ။ ပညာရှိ သတိဖြစ်ခဲ အခြေအနေကို သုံးသပ်မိသည့်အတွက် ပညာရှိများ ဒါလေးတွေ မေ့နေသလား ထင်၍ တင်ပြမိခြင်း ဖြစ်ပါသည် ။ ကျွန်တော့်ထက် ပိုမိုတတ်သိနားလည်သည့် ဆရာတော်များ ၊ စာရေးဆရာကြီးများမှ ကျွန်တော့်ထက် ပိုမို ကောင်းမွန်ပြီး သာသနာအတွက် အကျိုးပြုစာပေများကို ရေးပေးစေလိုပါသည် ။ သာသနာ့အကျိုးအတွက် ရေးပြနိုင်၊ လုပ်ပြနိုင်သူများမှ ဗုဒ္ဓဘာသာကို နောက်မျိုးဆက်များ ကိုးကွယ်ရာ ရှိပါမည်။

ကျွန်တော်တို့ လုပ်ငန်းတစ်ခု အောင်မြင်ရန်မှာ (၁) မသိတာကို သိအောင် လုပ်ရပါမည်။ (၂) သိတာကို လုပ်တတ်အောင် လုပ်ရပါမည်။ (၃) လုပ်တတ်တာကို လက်တွေ့အသုံးချနိုင်အောင် လုပ်ရပါမည်။ (၄) ထိုးထွင်းသိမြင် ဖန်တီးတတ်ရမည်။ သို့မှ သာ လုပ်သမျှ လုပ်ငန်းတိုင်း အောင်မြင်နိုင်ပါမည်။ ကျွန်တော့် စာအုပ်များ သည် ဘာသာအတွက် အလုပ်တရားများ စွာ ပါဝင်သည့်အတွက် ကျွန်တော့်စာအုပ်တွေကို ဖတ်ပြီး အရာသာခံနေရုံဖြင့် မကျေနပ်စေလိုပါ။ လက်တွေ့အကောင်အထည်ဖော်နိုင်မှ သာ ကျွန်တော်တို့ သာသနာအတွက် အကျိုးရှိပါမည်။ စွ

မ်းနိုင်သလောက် လက်တွေ့လုပ်ပေးပါရန် သာသနာ့အကျိုးအတွက် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည် ။

ကျွန်တော်ရေးသားမှုတိုင်းကိုလည်း အမှန်ရောက်အောင် မည်သူမဆို ဝေဖန်လမ်းညွှန်ပေးစေလိုပါသည် ။ ကျွန်တော့်အနေဖြင့် စာဖတ်သူတိုင်း၏ ဝေဖန်လမ်းညွှန်မှုကို လေးစားစွာ ခံယူသွားပါမည်။ သို့မှ သာ အမှန်ရောက်လာပါမည်။ ကျွန်တော်သည် ဓာတ်ဆရာကြီး ဦးပိုလို လူမျိုးလည်း မဟုတ်ပါ။ မနိုင်းကောင်း မနိုင်းရာ ကျွန်တော့်အပေါ် အစဉ်လွှမ်းမိုးနေသည့် ဆရာကြီး ဦးပေါ်ဦး စိတ်တွေကတော့ ရင်မှာ ပြည့်နေသည် ကိုတော့ ဝန်ခံလိုပါသည် ။

ကျွန်တော့်ရဲ့ စာအုပ်များကို စာဖတ်သူများ အနေဖြင့် အပြုသဘောဖြင့် ဝေဖန်ပေးပါ။ လက်မခံစေလိုပါ။ သို့မှ သာ ဗုဒ္ဓဘာသာ ကောင်း ဖြစ်လာမှာ ပါ။ သို့သော် ဗုဒ္ဓစာပေအကြောင်း ကို ဆွေးနွေးရာတွင် မြတ်စွာဘုရား၏ စကားကြီး ခြောက်ခွန်းကို တော့ မမေ့ဘဲ စကားနှစ်ခွန်းကိုသာ ပြောပေးပါရန် မေတ္တာရပ်ခံလိုပါသည် ။ ကျွန်တော့် စာပေများ သာသနာအတွက် အဆိပ်မဖြစ်ရအောင် "**မှားနေလျှင် ကျွန်တော့်ကို ဝေဖန်ပါ။ မှန်နေလျှင် ဘာသာဝင်များကို လက်ဆင့်ကမ်းပြီး ဗုဒ္ဓဘာသာ သာသနာ တည်တံ့တိုးပွားရေးအတွက် ကျရာနေရာမှ လိုက်ပါ လုပ်ကိုင်ပေးကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည် "။**

**လေးစားစွာဖြင့်**<br>
**ဗုဒ္ဓဘာသာကို လက်တွေ့ကျကျ ကာကွယ်လိုသူ**<br>
**ခင်မောင်နှင်း (ကျောက်ပန်းတောင်း)**<br>
**၀၉-၄၉၀၁၃၆၅၇၇၊ ၀၂-၇၅၃၉၂**<br>
**၃၁ . ၃ . ၂၀၁၆**<br>
**တဆင့်**<br>
**ဆရာတော် ဦးအာလောကာစာရ (သာသနာ့ တက္ကသိုလ် ၊ မန္တလေး)**

## ၆၂ လမ်း၊ ရွှေကျောင်းလမ်းရှေ့၊ မန္တလေးမြို့။

*****

## "ဒို့ဘုရား သာသနာ ၅၀၀၀ ပဲလား"

ကျွန်တော်ကိုယ်တိုင် ဘာသာရေးစာပေတွေရေးပြီး ဘာသာသာသနာအတွက် ဟောပြောစည်းရုံးခြင်း၊ ကျွန်တော် သိသည် ကို မျှဝေခြင်း၊ ကျွန်တော် တတ်သိနားလည်သည့် ဆရာတော်များ နှင့် အဖြေရှာဆွေးနွေးခြင်းများကို အချိန်အခါ နေရာမရွေး ဆောင်ရွက်ချက်ရှိပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် ဗုဒ္ဓ ဘာသာဝင်အများ စုမှာ တွေ့နေရတာက မိမိတို့ ဘာသာ သာသနာကို ချစ်သော်လည်း ဘာသာသာသနာ မကွယ်ပျောက်အောင် ဆောင်ရွက်ရန် မိမိတို့ တွင် တာဝန်မရှိ ထင်နေသူနှင့် မိမိတို့ ဘာမှ မလုပ်နိုင်ဟု ထင်နေသူက များ နေပါတယ်။ အချို့ကလည်း ဘုရားဟောနှင့် ဆန့်ကျင်စွာ ဗုဒ္ဓဘာသာကို လူတွေက မစောင့်ရှောက်ဘဲ သိကြားလက်ထဲမှာ အပ်ထားပြီး မျက်နှာလွှဲခဲပစ်လုပ်ကာ ဘာသာ တည်တံ့တိုးပွားရေးက မိမိတို့ နှင့် မဆိုင်သလို လုပ်နေတတ်တာ တွေ့ရပါတယ်။ သာသနာအပေါ် ဘာသာဝင်တို့ အမြင် ကို ကျွန်တော် တွေ့ကြုံမိသလောက် လေ့လာသုံးသပ်တင်ပြပါမယ်။

အများ ဆုံးတွေ့ရတာက ဗုဒ္ဓ ဘာသာ သာသနာသည် သာသနာနှစ် ၅၀၀၀ အပြင် ပိုမခံဟု ထင်နေပြီး အချိန်တန်လျှင် ပျက်မှာ ပဲ လို့ တွေးကာ သာသနာကို လျစ်လျူရှုထားလိုသူတွေက အများ ဆုံးပါ။ သူတို့ က ဒါယကာကြီး /ဆရာ ၊ မောင်ရင် သာသနာအတွက် ဘယ်လောက်ပဲ လုပ်လုပ် သာသနာနှစ် ၅၀၀၀ ပြည့်ရင် သာသနာက ကွယ်မှာ ပဲ။ ဘုရား

ဟောအရ ယခုကာလသည် ဆုတ်ခေတ်ဖြစ်သည် ။ ဘယ်လိုမှ ကယ်မရ နိုင်ဘူးလို့ ပြောတတ်ပါတယ်။ ဘုရားကလည်း ဟောထားတယ်၊ အရာ ရာသည် ဖြစ်ပြီးရင် ပျက်မှာ ပဲလို့ ပြောတတ်ကြပါတယ်။ မှန်ပါတယ်၊ အရာရာသည် ဖြစ်ပြီးရင် ပျက်ရမှာ နိယာမတရားပါ။ သို့သော် အချိန်မ တန်မီ ပျက်သွားမှာ ရယ်၊ နှစ် ၅၀၀၀ ပြည့်ချိန် ကမ္ဘာမပျက်သေးလျှင် ဗု ဒ္ဓဘာသာတွေ ဘယ်ဘာသာ ဆက်ကိုးကွယ်ရမလဲ ဆိုတာကို စဉ်းစားမိ သည့်အတွက် သာသနာရေး ရင်လေးနေရခြင်း ဖြစ်ပါတယ်။ မိုးမပြို ပြို ခဲ့သည် ရှိသော် တွေးတယ် ထင်စရာလည်း ဖြစ်နေမှာ ပါ။ ကျွန်တော်တို့ မှာ မိုးပြိုခဲ့သည် ရှိသော် ဘာလုပ်မလဲ မတွေးတတ်တာသည် မိုးမပြိုနိုင် ထင်လို့ ရယ်၊ မိုးပြိုရင်လည်း ဘာမှ မလုပ်နိုင်ဟု တထစ်ချ ယူဆထားလို့ မိုးပြိုမှာ ကို ကြောက်ရကောင်းမှန်းမသိဘဲ ငုတ်တုတ် ထိုင်စောင့်နေတာ ပါ။ ကျွန်တော်တို့ ထက် တတ်သိနားလည်တဲ့ နက္ခတ္တဗေဒ ပညာရှင်တွေ ကတော့ ကမ္ဘာကြီး ကို ဥက္ကာပျံတွေ ဝင်တိုက်မယ့် အန္တရာယ်ကနေ ကာ ကွယ်ရန်အတွက် အစဉ်စောင့်ကြည့် လေ့လာလျက်ရှိပါတယ်။ ဝင်တိုက် ရင် ဘယ်လို ကာကွယ်ရမလဲဆိုတာကိုလည်း အဖြေရှာလုပ်ဆောင်နေ တာ တွေ့ရမှာ ပါ။ ယနေ့ ကျွန်တော်တို့ ဘာသာဝင်တွေက ကမ္ဘာပြိုမှာ ကို မကာကွယ်နိုင်သလို မိမိတို့ လုပ်လိုသည့် ဆန္ဒရှိလျှင်လည်း လုပ်နိုင် သည့် ဗုဒ္ဓဘာသာ သာသနာတော်ကြီးကိုလည်း ကာကွယ်လိုစိတ်တွေ မဲ့ နေပါတယ်။ ကျွန်တော်တို့ ဘာသာဝင်များ မိမိတို့ ဘာသာအပေါ် တာဝ န်မဲ့လေ ၊ မျက်ကွယ်ပြုလေ၊ ဘာသာသာသနာ ကျဆုံးလေပါပဲ။ ကျွန် တော်တို့ ဗုဒ္ဓဘာသာဝင်များ ရဲ့ ဘာသာအပေါ် တာဝန်မဲ့မှုက သာသနာနှ စ် ၅၀၀၀ ပဲ သတ်မှတ်တော့ အခြားဘာသာခြားတွေက ပျော်တာပေါ့။ နှ စ် ၅၀၀၀ ပြည့်ရင်လာထား၊ မျောက်သစ်ကိုင်းလွတ်တွေ လို့ ပြောနေ တ တ်ပါတယ်။ ကျွန်တော် အနေဖြင့် သာသနာနှ် ၅၀၀၀ ကို ဘာကြောင့် ဒီ

လောက်ထိ စိုးရိမ်နေရတာလဲ။ နှစ်၅၀၀၀ ဆိုတာ အများကြီးလိုသေးတာပဲ။ ကျွန်တော် မှီမှာ မဟုတ်ဘူး ၊ ဘာတွေးစရာလဲ ၊ ပြောစရာရှိပါတယ်။ ကျွန်တော် မမီတာ သေချာပါတယ်။ သို့သော် ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဝင် မျိုးဆက်တွေကို စဉ်းစားပေးတာပါ။ ဘာကြောင့်လည်း မဟာသက္ကရာဇ် ၁၄၈ ခုနှစ် (ဘီစီ-၅၄၄) မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသောနှစ်ဖြစ်သည့် သာသနာနှစ် ၁ နှစ် အစကို ကျွန်တော် မမီခဲ့ပါ။ သာသနာနှစ် ၂၅၆၀ ကို ကျွန်တော် မီလိုက်ပါပြီ။ အလားတူ သာသနာနှစ် ၅၀၀၀ ကိုလည်း ကျွန်တော်မမီမှာ မြေကြီးခတ်မလွဲပါ။ သို့သော် ထို သာသနာနှစ် ၅၀၀၀ ကို ရောက်လိုသည် ဖြစ်စေ၊ မရောက်လိုသည် ဖြစ်စေ၊ အလိုလိုရောက် လာပြီး ဗုဒ္ဓဘာသာဝင်တွေ ရင်ဆိုင်ရမှာ ပါ။ '**သာသနာနှစ် ၅၀၀၀ ရောက်၍ ကမ္ဘာမပျက်သေးလျှင် ဆိုပြီး စဉ်းစားကြည့်ပါ။ ထိုအချိန် ကျွန်တော်တို့ ဘာသာဝင် သား ၊ မြေး၊ မြစ်တွေ ဘာသာပြောင်းရမှာ လား။ ဘာသာမဲ့နေရမှာ လား ဖြစ်နေပြီး မျောက်သစ်ကိုင်းလွတ်ဖြစ်နေမှာ တော့ မုချပါ**' အ ကြေ ၁၀ ်းမ ၂ ၁ ကမ္ဘာပျက်ရန်နှစ်သန်းပေါင်း တစ်ထောင်ခန့် လိုသေးတယ်လို့ သိပ္ပံပညာရှင်များက တွက်ချက်ထားလို့ ပါ။

ကမ္ဘာပျက်ရန် နှစ်များ စွာ ကျန်သေးသော်လည်း အမေရိကန်သည် ကမ္ဘာပျက်လျှင် ဘယ်ဂြိုဟ် ၊ ဘယ်ကမ္ဘာမှာ နေလို့ ရမလဲဆိုပြီး ရှာနေပါတယ်။ အင်္ဂါ ဂြိုဟ်မှာ နေလို့ ရမလား၊ ဘယ်ဂြိုဟ်မှာ နေလို့ ရမလဲ၊ ရေရအောင် အောက်စီဂျင်ရအောင် ဘယ်လိုလုပ်မလဲဆိုတာကို ငွေတွေ လူတွေ အချိန်တွေ ကုန်ခံပြီး ခေတ်အဆက်ဆက် ရှာနေတာပါ။ သူတို့ လက်ထက်မှာ ကမ္ဘာမပျက်နိုင်မှန်း သိသော်လည်း နောက်မျိုးဆက်တို့ လက်ထက်တွင် ပျက်ခဲ့လျှင် နေနိုင်အောင် ကြိုးစားရှာထားတာပါ။ မျက်နှာလွှဲ ခဲပစ် မလုပ်တတ်တဲ့ စိတ်ဓာတ်၊ အရှည်မြော်မြင်တတ်တဲ့ စိတ်ဓာတ်

တွေက လွန်စွာ အတုယူစရာ ကောင်းပါတယ်။

ဥရောပ အာကာသအေဂျင်စီကလည်း လကမ္ဘာပေါ်တွင် လူနေအဆောက်အဦး ဆောက်လုပ်ရာတွင် ဘုရားကျောင်းကိုပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း (၁၈.၁.၂၀၁၆) Channel -7 နံနက်ခင်းသတင်းမှာ ထုတ်လွှင့်သွားပါတယ်။ လကမ္ဘာ ပေါ်မှာ တည်မည့် ဘုရားကျောင်းသည် စေတီလား၊ ဘုန်းကြီး ကျောင်းလား၊ ချပ်ကျောင်းလား၊ စဉ်းစားရန်လိုမည်မထင်ပါ။ ဒါကြောင့် ကမ္ဘာပျက်သွားလျှင် ခရစ်ယာန်ဘာသာသည် အခြားကမ္ဘာတွင် တည်ရှိမှာ မုချပါ။ သူတို့ စဉ်းစားမှုနှင့် ကျွန်တော်တို့ စဉ်းစားနေမှုက မိုးနဲ့ မြေလောက် ကွာနေသလားစဉ်းစားကြပါ။ ကျွန်တော်တို့ မြန်မာစကားပုံလို 'ယခုရေတွင်းတူးပြီး ယခုရေကြည်သောက်လို့ မရပါ' ကြိုတင်လုပ်ဆောင်ပေးမှ သာ ရပါမည်။ ရေတွင်းထက် ယခု သရက်သီးစားချင်လို့ သရက်ပင်စိုက်ရင် ကိုင်းကူး ၃ နှစ်၊ အစေ့စိုက် ၇ နှစ် မဖြစ်မနေစောင့်ရပါမည်။ ထို့ကြောင့် ကျွန်တော်တို့ မျိုးဆက်တွေ ကိုးကွယ်ရာ ကျန်ရန်အတွက် ကျွန်တော်တို့ ဘာသာသာသနာကို ချစ်ရင် မှန်ကန်စွာ စဉ်းစားပေးရန်လိုပါတယ်။ ဒါကြောင့်လည်း သာသနာနှစ် ၅၀၀၀ ကိစ္စကို ကျွန်တော်က ဒီလိုလေး ဆွေးနွေးလိုက်ပါတယ်။

ဦးစွာ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ယနေ့အထိ ဘာကြောင့်တည်တံ့နေတာလဲ။ လေ့လာကြည့်လျှင် အဖြေက လွန်စွာရိုးရှင်းပါတယ်။ တိုင်းပြည်ကို ချစ်ပြီး လက်ဆင့်ကမ်း ကာကွယ်လိုစိတ်ရှိသည့် နိုင်ငံသားတွေ ရှိလို့ ပါ။ လက်ဆင့်ကမ်း ကာကွယ်လိုစိတ်မဲ့တဲ့ မျိုးဆက်သစ်တွေ၊ ညံ့တဲ့ မျိုးဆက်သစ်တွေ လက်ထဲရောက်ချိန် မြန်မာပြည် ကမ္ဘာမြေပုံပေါ်က ပျောက်မှာ ပါ။ အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဘယ်အချိန် ပြိုကွဲမလဲ။ လူတိုင်း သိပါသည် ။ နှစ်ကန့်သတ်ချက် လုံးဝမ

ရှိပါ။ နိုင်ငံ့ခေါင်းဆောင် ညံ့ချိန် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပြီး ဆိုဗီယက်ယူနီယံနိုင်ငံဟောင်းလို ဖြစ်ပါမည်။ ထိုရက်သည် မနက်ဖြန်လည်း ဖြစ်နိုင်သလို နောင်နှစ်ပေါင်း တစ်ထောင်/တစ်သောင်းမှာ လည်း ဖြစ်နိုင်ပါတယ်။ ထိုအခြေအနေမျိုး မဖြစ်လာအောင် မြန်မာနိုင်ငံသား တိုင်းရင်းသား ၁၃၅ မျိုးလုံးတွင် တာဝန်ရှိတာပါ။ နိုင်ငံစောင့် နတ်တွေက လုပ်ပေးလို့ မရသလို သိကြားမင်းကြီးကလည်း ကြည့်ပေးနေရုံမှ တပါး အခြားမလုပ်နိုင်ပါ။ ဘယ်ဘုရားကမှ လည်း ကာကွယ်ပေးနိုင်မည် မဟုတ်ပါ။ ဒါကြောင့် နိုင်ငံတစ်ခု တည်တံ့ရေးသည် လည်း နှစ်ကန့်သတ်မရှိ။ မမြင်ရသော ပုဂ္ဂိုလ်များ စောင့်ရှောက်၍ မရ။ နိုင်ငံသားတွေ စောင့်ရှောက်မှ သာ နိုင်ငံတည်တံ့မည်ကို မည်သူမှ ငြင်းမရပါ။

ယနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီရခဲ့တာသည် လည်း ဒီမိုကရေစီကို တန်ဖိုးထားမြတ်နိုးပြီး ပေးဆပ်ရယူလိုသည့် ဒီမိုကရေစီသူရဲကောင်းများရှိလို့ မြန်မာနိုင်ငံဒီမိုကရေစီ ရလာတယ်ဆိုတာ လူတိုင်းသိပါသည် ။ ဒီမိုကရေစီကို တန်ဖိုးထားသူတွေ မဲ့တဲ့ နေ့ ကာကွယ်သူမဲ့တဲ့ နေ့ ယခုရရှိပြီးသော ဒီမိုကရေစီလည်း ကျဆုံးမှာ မလွဲပါ။

နိုင်ငံနဲ့ ဒီမိုကရေစီကိုတော့ နိုင်ငံသားတွေက ကာကွယ်လိုစိတ်ရှိပြီး ဘာကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ မိမိတို့ ယုံကြည်ကိုးကွယ်တဲ့ ဘာသာ သာသနာကို ပျက်ချိန်တန်လို့ ပျက်ပါစေဆိုပြီး ပစ်ထားလိုကြတာလဲ။ အဖြေက ဓမ္မမိတ်ဆွေတို့ ပိုင်ဆိုင်သော ပစ္စည်းမဟုတ်လို့ ပါ။ ရိုင်းလိုက်တာဗျာ လို့ ထင်ပါမယ် ကိုယ်ပိုင်တဲ့ ပစ္စည်းဆိုရင် ယခုလို ပစ်ထားလိုစိတ် လုံးဝမရှိနိုင်ပါ။ ယနေ့ ကားမောင်းအပ်နှံသည့်စနစ်ကို လေ့လာကြည့်ပါ။ သက်တမ်း ၂၀ နှစ် အထက်ကားတွေ အပ်ခိုင်းတယ်။ အပ်ရင် ကျပ်သိန်း ၇၀ လောက်ရမယ်။ ငွေပြန်ရမယ့် ကားဟောင်းအပ်တာကို လူတိုင်း မအပ်ကြပါ။ ကိုယ့်ကားလေးကို ပြင်ပြီးစီးနေကြ

ပါတယ်။ သက်တမ်း ပြည့်လို့ အပ်ပါဆိုတာတောင် မအပ်နိုင်တာသည် မိမိတို့ ပိုင်ပစ္စည်း လေး ဖြစ်နေလို့ ပါ။ မိမိတို့ ပိုင်ပစ္စည်းမဟုတ်ဘဲ အများ ပိုင်ပစ္စည်း ဖြစ်နေလျှင် ပြင်စီးမည်မဟုတ်။ ချက်ချင်းအပ်မှာ ပါ။ ဒါကြောင့် သာသနာကို နှစ် ၅၀၀၀ ပျက်မည့်အတွေး တွေးနေသူများ သည် သာသနာအပေါ် ကားစုတ်လောက်ပင် တန်ဖိုးထားရန် အားနည်းသူ များ လို့ ဆွေးနွေးဖြစ်ပါတယ်။

ကားစုတ်တောင် ခင်တွယ်လွန်းတဲ့ လူသားတွေ ဖြစ်တော့ မိမိတို့ ကိုယ်ကို ဘယ်လိုတန်ဖိုးထားလည်း ကားစုတ်ထက် ပိုမိုတန်ဖိုးထားတာ တွေ့ရမှာ ပါ။ သာသနာနှစ် ၅၀၀၀ တွေးတဲ့ ဓမ္မမိတ်ဆွေတွေမှာ မိမိကို ယ်ကို ပစ်ထားလိုသူ တစ်ယောက်မှ မတွေ့ နိုင်ပါ။ ကျွန်တော်တို့ မြန်မာ လူမျိုး ပျမ်းမျှသက်တမ်းက ယောကျ်ား ၆၂၊ မိန်းမ ၆၅ နှစ်ဖြစ်လို့ ၆၅ နှစ်ကျော်လျှင် ငါတို့ လူမျိုး ပျမ်းမျှ သက်တမ်းကို ကျော်နေလို့ သေမှာ ပဲ ဆိုပြီး ဆေးမသောက်ဘဲ ၊ ဆေးမကုဘဲ နေတဲ့ လူ တစ်ယောက်မှ မရှိပါ။ အသက် ၆၅ နှစ်ကျော်မှ မဟုတ် အသက် ၁၀၀ ကျော်သွားလို့ သေမှာ ပဲ ဆိုပြီး ဆေးမကု၊ ဆေးမသောက်တဲ့ လူ လုံးဝမမွေးနိုင်ပါ။ ရှိရင် ကျွန်တော် ရုံသွင်းပြစားပြီး သူဌေးဖြစ်မှာ မုချပါ။ ကင်ဆာရောဂါ ဘယ်ဆရာဝန်မှ ကုမရပါ။ သို့သော် ဖြစ်လာလျှင် အသက်ရှင်နိုင်သလောက် အသက်ရှည်ပါစေဆိုပြီး လူတိုင်း တတ်နိုင်သလောက် ကုကြတယ် မိမိ ကျောက်ကပ် အသည်း မကောင်းဘူး အစားမထိုးရင် သေရမယ့် အခြေအနေမှာ လည်း တတ်နိုင်တဲ့ သူတွေက အသဲ၊ ကျောက်ကပ် အစားထိုးကုကြတယ်။ အချို့ အဲဒီ့ထက်ပိုဆိုးတာက ဆာတာလည်း မသိ၊ အညစ်အကြေးစွန့်ပစ်ချင်တာလည်း မသိ၊ ချစ်တာလည်း မသိ၊ မုန်းတာလည်း မသိတဲ့ ဘာအသိစိတ်မှ မရှိတဲ့ ကိုမာရောဂါဖြစ်နေတဲ့ လူ၊ လောကကြီးအတွက် ဒုက္ခသာပေးမည့် လူကိုလည်း ဆေးအကူ၊ လူအကူ

နဲ့ စက်အကူနဲ့ အသက်ရှင်အောင် လုပ်နိုင်သူတွေက လုပ်ကြတယ်။ အဲဒီလို လုပ်ပေးလို့ တစ်ယောက်မှ ရှင်တာ မရှိသေးပါ။ ဒါကို သိလျက်နဲ့ အသက်ရှင်အောင် လုပ်နိုင်သူတွေက လုပ်ကြတယ်။ အဲဒီလူနာမှာ အိမ်ထောင်ရှိလျှင် အသက်ရှင်နေတဲ့ အိမ်ထောင်သည် မှာ ကြီးစွာ ဒုက္ခရောက်နေတာ အများကြီးပါ။ အသက် ၄၀ ကျော် ကျွန်တော့် မိတ်ဆွေဇနီးက ကိုမာဖြစ်နေတာ ၅ နှစ် ကျော်ရှိပါပြီ။ သားတစ်ယောက်ရှိပါတယ်။ ဇနီးကို မိဘတွေက စောင့်ရှောက်ထားတယ်။ နောက် မိန်းမယူချင်လည်း ယူလို့ ပြောပေမဲ့ တရားဝင်မသေသေးတဲ့ အပြင် လူနာဇနီးရှိလျက်နဲ့ နောက်မိန်းမယူလျှင် ကဲ့ရဲ့ ခံရမှာ စိုးလို့ သားသမီးတွေ တစ်မျိုးမြင်မှာ စိုးလို့ သူ့ဘဝကို ဇနီးရှိလျက်နဲ့ အထီးကျန်သွာ ဖြတ်သန်းနေတာပါ။ သူ့ဘဝကို တွေးကြည့်ပါ။ လူနာဇနီးထက် အခြေအနေဆိုးမှာ ပါ။ မရှင်နိုင်မှန်းသိတဲ့ လူနာ၊ သေချိန်ရောက်နေပြီးဖြစ်တဲ့ လူတွေ ကိုတော့ ကျွန်တော်တို့ ဘာသာဝင်တွေ လူတွေ၊ ငွေတွေ၊ အချိန်တွေ အကုန်ခံပြီး ကုကြပါတယ်။ အေအိုင်ဒီအက်စ် ရောဂါရနေသူများကို ကြည့်လျှင်လည်း ဆေးကြောင့် အသက်ရှင်နေနိုင်တာ ဖြစ်ပါတယ်။ ဆေးဖြတ်တာနဲ့ သေရမှာ ပါ။ သူ့အသက်သည် ဆေးပေါ်တွင် သာ မှီတည်နေပါတယ်။

သေချိန်ရောက်နေတဲ့ သူကို ရှင်နိုင်သမျှ ရှင်အောင် သားသမီးမိတ်ဆွေတွေ ၊ ဆရာဝန်တွေက ဆေးကုတယ်။ ကုမရမှန်းမသိတဲ့ ရောဂါသည် ကိုလည်း ရှင်နိုင်သလောက် ကုလိုကြတယ်။ ဒါဘာကြောင့်လည်း မိမိကိုယ်ကို ချစ်လို့ ၊ လူ့ပြည်မှာ ဆက်နေချင်လို့ မနေချင်ရင် သူ ဘယ်ကုတော့မလဲ။ သားသမီး ဆွေမျိုးတွေ ကလည်း သူ့ကို ချစ်လို့ လူ့ပြည်မှာ အသက်ရှင်လျက် ဆက်နေစေချင်တာ သေချာလို့ ပါ။ ဆရာဝန်တွေကတော့ သူတို့ ရဲ့ တာဝန်ကျေပွန်လိုတာရယ်၊ ဆေးသုတေသန စမ်းသပ်လိုတဲ့ ဆန္ဒရယ်၊ အကျိုးမြတ်အတွက်ရယ်ကြောင့် လူတိုင်းကို အသက်ရှင်

စေချင်တာပါ။

အရာတိုင်းသည် ဖြစ်ပြီးပျက်ရမယ်ဆိုတာ မှန်ပါတယ်။ ဘယ်လိုမှ ငြ င်းမရပါဘူး။ လူသားတို့ ပဋိသန္ဓေ

စတည်ထဲက ပျက်စီးခြင်းအစပါ။ သို့သော် မိခင်တို့ သည် သန္ဓေ လောင်းကို မပျက်စီးအောင် အစားအသောက် အနေအထိုင် ဆင်ခြင်တ ယ်။ အဲ့ဒီလို ဆင်ခြင်တဲ့ အတွက် မိခင်တွေက ကျန်းမာတဲ့ သားသမီးကို မွေးတယ်။ ဂရုမစိုက်တဲ့ မိခင်ကျတော့ မွေးတောင်မမွေးရဘဲ ပျက်ကျ သေရပါတယ်။ မွေးလာရင်လည်း မသေသင့်ဘဲ မသေအောင် မိမိကိုယ် ကို ဂရုစိုက်တဲ့ လူတွေက ထိုက်သင့်သလောက် နေရတယ်။ မိမိကိုယ်ကို ဂရုမစိုက်ဘဲ အရက်အလွန်အကျွံသောက်၊ ဆေးစွဲ၊ အနေအထိုင် အစား အသောက် မဆင်ခြင်တော့ ပျက်ချိန်စောပါမည်။ ယနေ့ ကျွန်တော်တို့ ဗု ဒ္ဓဘာသာဝင်တွေကလည်း မိမိတို့ သာသနာအပေါ် ဂရုစိုက်လိုသူ တန်ဖိုး ထားသူ ကာကွယ်လို သူ နည်းလာတော့ ဘာသာ သာသနာသည် ပျက်ချိ န်မတန်ဘဲ ပျက်ရမည့် အခြေအနေကို ရောက်လာနေတယ်ထင်ပါတယ်။ ဆန်းစစ်ကြည့်ကြပါ။

## "သာသနာ ၅၀၀၀ ဘယ်ကစလဲ"

ကျွန်တော် လေ့လာမိသလောက် မေးမြန်းမိသလောက် သာသနာနှစ် ၅၀၀၀ သည် ဘုရားဟော တရားတော်များ တွင် မတွေ့ရပါ။ သာသနာန စ် ၅၀၀၀ သည် သီဟိုဠ် (သီရိလင်္ကာ) က လာတယ် ဆိုပါတယ်။ မဟာဝံ သပါဠိနှင့် ဒီပဝံသပါဠိ ကျမ်းနှစ်ကျမ်းတွင် သာသနာနှစ် ၅၀၀၀ ဝါဒကို စတင်တွေ့ရတယ် ဆိုပါတယ်။ မဟာဝင်စာကိုယ်၊ တတိယပိုင်း၊ သတ္တမ ဂါထာတော်၌ "အရှင်မဟာ ကဿပမထေရ်သည် ဘုရားရှင်၏ သာသ

နာတော်ကြီးကို အနှစ် ငါးထောင်ကြာ ကာလပတ်လုံး (ဝါ) နှစ်ပေါင်း ငါးထောင်ကြာသည့်တိုင်အောင် ဖြစ်ပွားစေခြင်း၌ စွမ်းနိုင်အောင် ပြု တော်မူပေခဲ့၏ " ဟု ရေးသားထားတယ်လို့ ဆိုပြန်ပါတယ်။ မဟာ ဝံသ ကျမ်းပါ ရေးသားချက်အပေါ် အမှီပြုပြီး အဋ္ဌကထာဆရာကြီး အရှင်မ ဟာ ဗုဒ္ဓဃောသက ရာဇိကဝဂ်-သုတ် သီလက္ခန် အဋ္ဌသာလိနီ၊ အဋ္ဌက ထာနိဒါန်းပါဠကထာနိဒါန်းတို့ ၌ "အရှင်မဟာကဿပမထေရ်မြတ်သ ည် အားတော်ဆယ်တန် ၊ ဉာဏ်တော်ဆယ်ပါး သခင် ဘုရားရှင်၏ သာ သနာ အနှစ် ငါးထောင်တိုင်အရှည် ကာလပတ်လုံး တည်အောင် ပြုလုပ် တော်မူ၏ " ဟု ရေးသားခဲ့တယ်ဆိုပါတယ်။ မဟာ ဝံသကျမ်းနှင့် ဒီပဝံ သကျမ်းတို့ တွင် အရှင်မဟာကဿပမထေရ်မြတ်ကြီး၏ စကားတွင် သာသနာ နှစ်ငါးထောင်တည်အောင်ဟူသော စကားအဓိပ္ပာယ် ဖော်ပြ ထားသော်လည်း ပိဋကတ်တော်လာ အရှင်မဟာကဿပမထေရ်အရှင် သူမြတ်၏ မူရင်းစကားတွင် အနှစ်ငါးထောင်မပါခဲ့ကြောင်း သိရပါတ ယ်။ ထို့ကြောင့် သာသနာ နှစ်ငါးထောင်သည် အဋ္ဌကထာဆရာတော်ကြီးများ ၏ သာသနာအပေါ် စေတနာထား ဖန် တီးမှုသာ ဖြစ်တယ်ဆိုတာ တွေ့ရပါမည်။

မြန်မာနိုင်ငံတွင် မြန်မာသက္ကရာဇ် ၁၂၃၁ ခုနှစ် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် အမရပူရမြို့၊မဟာ သကျသီဟ တိုက်နေ ဦးဝဏ္ဏစာရမှ နေတ္တိကျမ်းကို ထုတ်ဆောင်၍ သာသနာငါး ထောင် ဘုရားဟောရှိကြောင်း ဟောပြောခဲ့တယ်လို့ ဆိုပါတယ်။ နေတ္တိ ကျမ်း ၁၆ ကျမ်းပါ ဟာရတို့ တွင် သာသနာဟာရ၌ "အနုဇာနာမိ ဘိက္ခ ဝေ မမ ပရိနိဗ္ဗာနတော ပဉ္စာ ပဉ္စဝဿသဟဿံ သာသနံ ပတိဋ္ဌာတုံ" ဟူ ၍ ဟောကြားတော်မူကြောင်း (ရဟန်းတို့ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူ သည့်နောက်၌ သာသနာတော်ကို အနှစ် ၅၀၀၀ တည်စိမ့်သောငှာ ခွင့်ပြု

တော်မူ၏။) ဤစကားကို အကျယ်ပြောလာကြောင်း ပကိဏ္ဏကဝိသဇ္ဇနာကျမ်းတွင် ဖော်ပြပါရှိတယ်လို့ ဆိုပါတယ်။

ဗုဒ္ဓဘာသာ သာသနာကို မြတ်နိုးတန်ဖိုးထားသည့် အတွက် သာသနာနှစ်ကို ပိုမိုရှည်ကြာစေရန် ရှေးအဋ္ဌကထာဆရာကြီးများမှ သာသနာနှစ် ၅၀၀၀ ယူထားတာကို လေ့လာကြည့်လျှင်-

**အဋ္ဌကထာဆရာကြီးများ ၏ သာသနာနှစ် (၅၀၀၀)**

(၁) ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တစ်ထောင်

(၂) သုက္ခဝိပဿက ရဟန္တာခေတ် တစ်ထောင်

(၃) အနာဂါမ်ခေတ် တစ်ထောင်

(၄) သကဒါဂါမ်ခေတ် တစ်ထောင်

(၅)သောတာပန်ခေတ် တစ်ထောင်

စူဠဝါ ဘိက္ခုနိခန္ဓကဝိနည်း အဋ္ဌကထာ နှာ (၁၂၇) တွင် ဖော်ပြထားပါသည် ။

တနည်း

(၁) ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တစ်ထောင်

(၂) ဆဠဘိည ရဟန္တာခေတ် တစ်ထောင်

(၃) တေဝိဇ္ဇ ရဟန္တာခေတ် တစ်ထောင်

(၄) သုက္ခဝိပဿက ရဟန္တာခေတ် တစ်ထောင်

(၅) ပါတိမောက္ခခေတ် တစ်ထောင်

ဒီဃနိကာယ် သမ္ပသာဒနီယသုတ် အဋ္ဌကထာ နှာ (၈၃) နှင့် သုတ်အ

ဋ္ဌကထာ တို့ တွင် ဖော်ပြထားပါသည် ။

တနည်း

(၁) ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တစ်ထောင်

(၂) ဆဠဘိည ရဟန္တာခေတ် တစ်ထောင်

(၃) တေဝိဇ္ဇ ရဟန္တာခေတ် တစ်ထောင်

(၄) သုက္ခဝိပဿက ရဟန္တာခေတ် တစ်ထောင်

(၅) အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်ခေတ် တစ်ထောင်

စသည် ဖြင့် လိုရာဆွဲ၍ အင်္ဂုတ္တရ အဋ္ဌကထာနှာ (၆၇) နှင့် သမ္မောဟ ဝိနော ဒနီအဋ္ဌကထာတို့ တွင် ဖော်ပြထားပါသည် ။ ဆရာတော်ကြီးများ မှ သာသနာအတွက် ရတက်မအေးသည့် အတွက် ရေးသားခဲ့ခြင်းလို့ ယူ ဆပါတယ်။ အဋ္ဌကထာ ဆရာများ ရေးသားထားသကဲ့သို့ ကျွန်တော်တို့ ဘာသာဝင်များ သိသလို မြတ်ဗုဒ္ဓမှ တစ်ကြိမ်တစ်ခါမှ မိန့်ကြားခဲ့ခြင်းမ ရှိတာ လေ့လာတွေ့ရှိပါတယ်။

## "ဘိက္ခုနီသာသနာနှင့် သာသနာ ၅၀၀၀"

မြတ်ဗုဒ္ဓမမိန့်တဲ့ နှစ် ၅၀၀၀ ပေါ်လာရတာတွေက မိထွေးတော် ဂေါ တမီ ဘိက္ခုနီဝတ်မည်ဟု လျှောက်ချိန်မှာ မြတ်ဗုဒ္ဓမိန့်ခဲ့သော စကားများ ကို ကောက်ယူပြီး သာသနာအကျိုးအတွက် နှစ် ၅၀၀၀ ပေါ်လာခြင်းဖြစ် သည် ဟု လည်း သုံးသပ်ကြပါသည် ။ ထို သာသနာ နှစ် ၅၀၀၀ ယူဆချ က်သည် ဘုရားဟောနှင့် လုံးဝဆန့်ကျင်နေပါတယ်။ ဘာကြောင့်လဲ ဘု ရားက ဘုရားကိုတောင် အားမကိုးနဲ့ မိမိကိုသာ အားကိုးရန် မိန့်ခဲ့တာပါ

။ ယခု ကျွန်တော်တို့ ဘာသာဝင်များ နှစ် ၅၀၀၀ အတွက် မိမိကိုယ်ကို အားကိုးသည့် အတွေးအခေါ် တစ်ခုမှ မပါတာ တွေ့ရပါတယ်။

ဘိက္ခုနီ သာသနာပေါ်လာရခြင်းမှာ လည်း မိထွေးတော်ဂေါတမီသည် ဗုဒ္ဓဘာသာကို ကြည်ညိုလွန်းသည့်အတွက် မဟာသက္ကရာဇ် ၁၀၄ ခုနှစ်တွင် ဘိက္ခုနီ ဝတ်လိုကြောင်း ကပိလ ဝတ်ပြည် နိဂြောဓရုံကျောင်းတွင် သီတင်းသုံးနေသည့် ဘုရားရှင်ထံ သွားရောက် လျှောက်ထားပါတယ်။

"အရှင်ဘုရား တောင်းပန်ပါ၏ အမျိုးသမီးများ သည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုလိုပါ၏ "

"ဂေါတမီ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူထားသော ဓမ္မဝိနယ သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ အမျိုးသမီးများ ရဟန်းဖြစ်ခြင်းကို မနှစ်သက်အပ်။"

မိထွေးတော် ဂေါတမီ၏ တောင်းပန်လျှောက်ထားမှုကို မြတ်ဗုဒ္ဓက ခွင့်မပြုခဲ့ပါ။ မိထွေးတော်က သုံးကြိမ်တိုင် တောင်းပန်လျှောက်ထားသော်လည်း မြတ်ဗုဒ္ဓက ခွင့်မပြုဘဲ ပယ်မြစ်တော်မူလိုက်ပါတယ်။

မြတ်ဗုဒ္ဓဘာကြောင့် အမျိုးသမီးတွေ သာသနာတော်ထဲဝင်ရန် ခွင့်မပြုချင်တာလဲ။ ကျွန်တော့် အထင်တော့ မြတ်ဗုဒ္ဓခွင့်မပြုလိုရခြင်းသည် ကာမဂုဏ်ကြောင့်လို့ ထင်ပါတယ် ကာမဂုဏ်စည်းစိမ်သည် သတ္တလောကတွင် အကောင်းဆုံး လောက စည်းစိမ်ဖြစ်လို့ သတ္တဝါတိုင်း တပ်မက်တယ်ဆိုတာ မြတ်ဗုဒ္ဓက သိတော်မူလို့ ပါ။ လောကီစည်းစိမ်တွင် ပယ်ဖျက်ရန် ခက်ခဲသည် မှာ လည်း ကာမဂုဏ်ဆိုတာ သိမြင်တော်မူပါတယ်။ အမှောင်တကာ့ အမှောင်ဆုံးသည် ကာမအမှောင်ဖုံးလျှင် ပိုမိုများတ

တ်ကြောင်းကို သိမြင်တော်မူပါတယ်။ မြတ်ဗုဒ္ဓသည် တဏှာကို ကင်းအောင်လုပ်သည့် ဘုရားဖြစ်သည့်အတွက် ဘာသာခြားတို့ ကလည်း သတ္တဝါတိုင်း မလွန်ဆန်နိုင်သည့် ကာမတဏှာကို မည်သူမှ မလွန်ဆန်နိုင်ဟု သုံးသပ်ထားပါတယ်။ ဒါကြောင့်လည်း မြတ်ဗုဒ္ဓကို တိတ္ထိတတို့ ကသိက္ခာချရာတွင် လည်း အမျိုးသမီးတွေကို အသုံးပြုပြီးဆောင်ရွက်ခဲ့ပါတယ် တိတ္ထိတို့ မြတ်စွာဘုရားအပေါ် အမျိုးသမီးများ ဖြင့် သိက္ခာချမှုမှာ ....

၁။ တိတ္ထိတို့ က စိဉ္စမာဏမိန်းမယုတ်ကို စေလွှတ်ပြီး မြတ်စွာဘုရားနဲ့ ဖောက်ပြန်ဟန်ဖန်တီး၍ မြတ်ဗုဒ္ဓတရားဟောစဉ် သူနဲ့ မြတ်ဗုဒ္ဓ ကို ယ်ဝန်ရှိဟန်ဆောင်ပြီး စွပ်စွဲမှုလုပ်ကာ မြတ်ဗုဒ္ဓကို တရားနာပရိသတ်အလယ်တွင် သိက္ခာချခဲ့ပါတယ်။ မအောင်မြင် တာကို ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်ပါတယ်။

၂။ ဒုတိယတစ်ကြိမ်မှာ သာဝတ္ထိပြည် ၊ပသေနဒီ ကောသလ မင်းကြီးလက်ထက်တွင် တိတ္ထိတို့ သည် လှပချောမောသည့် သုန္ဒရီနှင့် မြတ်စွာဘုရားကို ထင်ယောင်ထင်မှားဖြစ်အောင် ဖန်တီးပါတယ်။ ပထမအကြိမ်မအောင်မြင်သည့်အတွက် ဒုတိယအကြိမ် မြတ်စွာဘုရားနှင့် သုန္ဒရီ ဖောက်ပြန်နေသယောင် သတင်းဖန်တီးပြီး လူအများ ယုံကြည်လောက်ချိန်တွင် သုန္ဒရီကို တိတ္ထိတို့ က သတ်ခိုင်းကာ ဇေတဝန်ကျောင်းအတွင်းရှိ ပန်းများ စွန့်ပစ်ရာ အမှိုက်ပုံတွင် စွန့်ပစ်ထားစေလျက် မြတ်စွာဘုရားမကောင်းမှု လုပ်ထား၍ ပေါ်မည်စိုးသောကြောင့် သတ်သယောင်ဖန်တီးပြီး တရားစွဲဆိုခဲ့ပါတယ်။ မြတ်ဗုဒ္ဓက သီလသမာဓိနှင့် ပြည့်စုံသည့်အတွက် အမှုမှန်ပေါ်ပြီး သတ္တိတို့ သာအရေးယူခံခဲ့ရပါတယ်။

၃။ မာရ်နတ်ကလည်း နတ်သမီးတွေနဲ့ ဖြားယောင်းခဲ့ပါသေးတယ်။

အထက်ပါ အဖြစ်အပျက်များကို ထောက်ရှုခြင်းဖြင့် မြတ်ဗုဒ္ဓသည် ဉာဏ်အလင်းဖြင့် တွေးမြင်ပြီး ကာမဂုဏ်သည် မျက်စိဖြင့် မြင်လျှင်လည်း ဖောက်ပြန်တတ်တယ်။ အထိအတွေ့ကိုကား လွန်ဆန်နိုင်သူ လွန်စွာနည်းတယ်။ အမျိုးသမီးများ သာသနာအတွင်း ရောက်ရှိလာလျှင် ရဟန်းများ နှင့် ရဟန်းမများ ထိတွေ့မှုများကြောင့် ဘာသာ ညှိုးနွမ်းမည်ကို မြင်တော်မူ၍ အစတွင် တားမြစ်ခဲ့ခြင်း ဖြစ်တယ်လို့ ထင်ပါတယ်။ ယနေ့လယ်း ဘာသာခြားများ သည် ရဟန်းများ နှင့် အမျိုးသမီးများကို ပူးသတ်လျှက်ရှိဆဲဖြစ်ပါတယ်။ အမျိုးသမီးတို့ ဖြင့် ပူးသတ်မှုကို မခံနိုင်သော ရဟန်းများ လူဝတ်လဲပြီး ဘာသာပြောင်းသွားရသည့် ရဟန်းလူထွက်များ အခြားဘာသာတွင် ဘာသာရေးဆရာလုပ်နေသူ များ စွာရှိပါတယ်။ ဒီအရေးတွေကို မြတ်ဗုဒ္ဓကြိုမြင်လို့ တားခဲ့တာသည် ယနေ့အထိ သွေးထွက်အောင် မှန်နေတာ တွေ့ရမှာ ပါ။

မဟာသက္ကရာဇ် ၁၀၇ ခုနှစ်တွင် မြတ်ဗုဒ္ဓသည် ဝေသာလီပြည် မဟာဝုန်တောအတွင်းရှိ ကူဋာဂါရကျောင်းတိုက်တွင် ပဉ္စမဝါဆို သီတင်းသုံးတော်မူချိန် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံတော်မူပါတယ်။ ထိုအခြေအနကြောင့် မိထွေးတော် ဂေါတမီ သည် သာကီဝင် မင်းသမီး ၅၀၀ ကို ဆံပင် ရိတ်ပယ်ပြီး ဖန်ရည်ဆိုးအဝတ်ကို ဝတ်ဆင်ကာ ကပိလဝတ်မှ ၅၁ ယူဇနာဝေးသည့် ဝေသာလီသို့ ရက်ပေါင်း ၅၀ ကျော် ခြေလျင်ခရီးထွက်လာပါတယ်။ ထိုအချိန် မိထွေးတော်၏ သက်တော်မှာ ၉၄ နှစ်ရှိပြီ ဆိုပါတယ်။ မိထွေးတော် ဟာ ကျောင်းတွင်းကိုမဝင်ဘဲ ရှင်အာနန္ဒာက တစ်ဆင့် မြတ်ဗုဒ္ဓကို လျှောက်ထားစေပါတယ်။

ရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓထံသွား၍ မိထွေးတော်သည် ဘိက္ခုနီဝတ်

လိုကြောင်း လျှောက်ထားလာပါတယ်။ လျှောက်ထားချက်မှာ ..

"အရှင်ဘုရား မိထွေးတော်ဂေါတမီ သည် ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်မှ သာကီဝင်မင်းသမီး ၅၀၀ တို့ နှင့်အတူ ကျောင်းတော်တံခါးမုခ်ဝသို့ ရောက်နေပါသည် ။ ငါးဆယ်တစ် ယူဇနာ ဝေးကွာ ခရီးကို ခြေလျှင်လာခဲ့ရာ ဖူးရောင်သော ခြေအစုံ၊ မြေမှုန့်လိမ်းကျံသော ခန္ဓာကိုယ်၊ မျက်ရ ည်အပြည့် မျက်နှာများ ဖြင့် ငိုကြွေးနေကြပါသည် ။ ဘုရားရှင်က အမျိုးသမီးများအား ဘိက္ခုနီ ပြုခွင့်မပေးသဖြင့် ကိုယ်ရောစိတ်ပါ ဆင်းရဲစွာ ခံစားနေကြရပါသည် အရှင်ဘုရား တပည့်တော် တောင်းပန်ပါ၏။ အမျိုးသမီးများအား သာသနာ၌ ဘိက္ခုနီ ပြုခွင့်ပေးတော်မူပါ ဘုရား " ဟု လျှောက်ထားပါတယ်။

မြတ်ဗုဒ္ဓက "ချစ်သား အာနန္ဒာ မသင့်။ သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက်၍ ဘိက္ခုနီပြုခြင်းကို သင်ချစ်သား မလိုလား မနှစ်သက်ပါနှင့်။ ငါ ဘုရား သာသနာတော်၌ အမျိုးသမီးတို့ ရဟန်းပြုခွင့်ရလျှင် ဤ သာသနာသည် နှစ် ၅၀၀ သာ တည်တံ့လတ္တံ့" လို့ ဆိုပြီး ဥပမာ များဖြင့်မိန့်ခဲ့ပါတယ်။

ရှင် အာနန္ဒာမှ မြတ်ဗုဒ္ဓမိန့်မှာ သည့်အတိုင်း မိထွေးတော်ကို ပြန်လည်ပြောပြရာမှ မိထွေးတော်က ထပ်မံ၍ လက်ခံလာအောင် ပရိယာဝ်ဖြင့် လျှောက်ပေးရန် မိထွေးတော်က တောင်းဆိုတဲ့ အတွက် ရှင်အာနန္ဒာက ဒုတိယအကြိမ် လျှောက်ထားသည် မှာ ...

"အရှင်ဘုရား အမျိုးသမီးများ ဘုရားရှင်၏ သာသနာတွင် ရဟန်းပြုရသောအားဖြင့် သောတာပတ္တိဖိုလ်ကို ၎င်း၊ သကဒါဂါ မိဖိုလ်ကို၎င်း၊ အနာဂါမိဖိုလ်ကို၎င်း မျက်မှောက်ပြုရန် ထိုက်တန်ပါ၏ လော"

"ချစ်သား အနန္ဒာ အမျိုးသမီးများ သည် ဘုရားရှင်သာသနာတော်၌

ရဟန်းပြုသောအားဖြင့် သောတာပတ္တိဖိုလ်ကို ၎င်း၊ သကဒါဂါမိဖိုလ်ကို၎င်း၊ အနာဂါမိဖိုလ်ကို၎င်း မျက်မှောက်ပြုရန် ထိုက်တန်ပါ၏ "

"အရှင်ဘုရား ဘုရားသာသနာ၌ ရဟန်းပြုသောအခါ ဖိုလ်လေးတန်ကို မျက်မှောက်ပြုရန် ထိုက်တန်ပါလျှင် အမျိုးသမီးများအား ရဟန်းပြုခွင့်ပေးတော်မူပါ။ အရှင်ဘုရား မိထွေးတော် ဂေါတမီသည် ဘုရားရှင်အပေါ် အလွန်ကျေးဇူးများ သူဖြစ်ပါသည် ။ ဘုရားရှင်၏ မိထွေးတော် ရင်းလည်း ဖြစ်ပါသည် ။ အရှင်ဘုရားကို ဖဝါးလက်နှလုံး၊ ပခုံးလက်နှစ်သစ်ဖွားသစ်စအရွယ်မှ စ၍ ယုယပိုက်ထွေး ကျွေးမွေးသူလည်း ဖြစ်ပါတယ်။ အရှင်ဘုရား တောင်းပန်ပါသည် ။ အမျိုးသမီးများအား သာသနာတော်၌ ရဟန်းပြုခွင့်ပေးတော်မူပါ ဘုရား"

ထိုအခါ မြတ်စွာဘုရားက ... ချစ်သား အာနန္ဒာ မိထွေးတော် ဂေါတမီသည် ဂရုဓံ ရှစ်ပါး ကျင့်ဝတ်ကို အသက်ထက်ဆုံး မကျူးလွန်ဘဲ ဦးထိပ်ရွက်ပန်ဆင် လိုက်နာကျင့်သုံးပါမည်ဟု ဝန်ခံငြားအံ့။ ထိုသို့ ဂရုဓံရှစ်ပါးကို ဝန်ခံခြင်းသည် ပင်လျှင် မိထွေးတော် ဂေါတမီအတွက် ရဟန်းပြုခြင်းကိစ္စ ဖြစ်စေလော့ဟု မိန့်လိုက်ပါတယ်။ မိထွေးတော်ကြီးမှာလည်း "ဤဂရုဒံရှစ်ပါးကို ဦးထိပ်ပန်ဆင်၍ အသက်ထက်ဆုံး မလွန်ကျူးဘဲ လိုက်နာကျင့်သုံးပါမည် ဘုရား" ဟု ကတိ ပြုလိုက်ပါတယ်။ ထိုအချိန်မှ စပြီး ဘိက္ခုနီ သာသနာ ပေါ်ထွန်းလာပါတယ်။

ဘိက္ခုနီသာသနာကို ခွင့်ပြုပြီးချိန် မြတ်စွာဘုရားက ထပ်မိန့်သည်မှာ " အာနန္ဒာ မြတ်စွာဘုရား သာသနာတော်၌ အမျိုးသမီးတို့ သာ ရဟန်းပြုခွင့်မရခဲ့လျှင် ဤသာသနာတော်သည် နှစ်ပေါင်းတစ်ထောင်ထိ တည်လိမ့်မည်။ ယခုမူကား အမျိုးသမီးတို့ ရဟန်းပြုခွင့်ရကြသော်လည်း ဂရုဓံရှစ်ပါးနှင့် ကာကွယ်ထားသည့်အတွက် တစ်ထောင်တည်လတ္တံ့"

"အာနန္ဒာ ၊ ဥပမာအားဖြင့် အူနီရောဂါ ကျရောက်သော ကြံခင်း သည် ကြာမြင့်စွာ မတည်တံ့နိုင်သကဲ့သို့ ထို့အတူပင် အမျိုးသမီးတို့ ရဟန်းပြုခွင့်ရကြ၍ သာသနာတော်သည် ကြာမြင့်စွာ မတည်တံ့နိုင်ပေ"

"အာနန္ဒာ ၊ ယောကျ်ားသည် ရေကန်ကြီး၏ ကန်ဘောင်ရိုးကို ရေများ မကျော်နိုင်အောင် ကြိုတင်၍ ကန်ဘောင်ရိုး ဖွဲ့သကဲ့သို့ ထို့အတူပင် ငါဘုရားသည် ဘိက္ခုနီတို့ အား ကြိုတင်၍ ဂရုဓမ္မစ်ပါးကို ပညတ်ခဲ့ပြီး၊ ထိုဂရုဓမ္မစ်ပါးကို ဘိက္ခုနီတို့ အသက်ထက်ဆုံး မကျူးလွန်အပ်ပေ " ဆိုပြီး သာသနာတော်အရှည်တည်တံ့အောင် လိုအပ်သည့် ဝိနည်းကို ချမှတ်ခဲ့တာ တွေ့ရပါတယ်။ ဘိက္ခုနီသာသနာကြောင့်သာ သာသနာနှစ် ၅၀၀၊ ၁၀၀၀ ပေါ်လာတာ တွေ့ရပါတယ်။

အထက်ဖော်ပြပါ သာသနာနှစ် (၅၀၀/၁၀၀၀/၅၀၀၀)ကို မြတ်ဗုဒ္ဓ၏ စကားကြီးခြောက်ခွန်းမှ လေးခွန်းကိုရှောင် နှစ်ခွန်းအောင် ဆိုတဲ့ မြတ်စွာဘုရား မိန့်မှာ သည့်အတိုင်းသာ လိုက်နာသင့်တယ်လို့ မြင်ပါတယ်။ မြတ်ဗုဒ္ဓက လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာမှာ ပြောဆိုရာမှာ လိုက်နာလုပ်ဆောင်သင့်တဲ့ စကားခြောက်ခွန်းမှာ -

၁။ မဟုတ်မှန်၊ အကျိုးလည်း မရှိ၊ အပြောခံရသူလည်း မကြိုက်။

၂။ မဟုတ်မှန်၊ အကျိုးလည်း မရှိ၊ အပြောခံရသူတော့ ကြိုက်။

၃။ ဟုတ်မှန်၊ အကျိုးလည်း မရှိ၊ အပြောခံရသူလည်း မကြိုက်။

၄။ ဟုတ်မှန်၊ အကျိုးလည်း မရှိ၊ အပြောခံရသူလည်း ကြိုက်။

၅။ ဟုတ်မှန်၊ အကျိုးလည်း ရှိ၊ အပြောခံရသူလည်း ကြိုက်။

၆။ ဟုတ်မှန်၊ အကျိုးလည်း ရှိ၊ အပြောခံရသူတော့ မကြိုက်။

အထက်ပါ စကားကြီးခြောက်ခွန်းတွင် (၅ နှင့် ၆) နှစ်ခွန်းကိုသာ မြ

တ်စွာဘုရားကိုယ်တိုင် လိုက်နာကျင့်သုံးခဲ့ပါတယ်. မြတ်စွာဘုရားက ထို သို့ မိန့်မှာ ကျင့်သုံးခဲ့သော်လည်း ဗုဒ္ဓဘာသာဝင်များ သည် မိမိတို့ စိတ် ထဲရှိရာကို အကျိုးရှိ/မရှိ မစဉ်းစားဘဲ ငါ့စကားနွားရ ပြောတတ်မှုကိုလ ည်း တွေ့ရပါသည် ။ ဖြစ်စဉ်မှာ သာသနာနှစ် ၅၀၀၀ နှင့်ပတ်သက်ပြီး မ င်းတုန်းမင်းတရားကြီး လက်ထက်တွင် ဓာတ်ဆရာကြီး ဦးပိုက သာသ နာသည် နှစ် ၅၀၀၀ မဟုတ် ၊ နှစ် ၅၀၀ သာ ဖြစ်သည် ။ ရှင်မဟာ ဗုဒ္ဓ ဃောသက၏ သာသနာနှစ် ၅၀၀၀ ဖွင့်ဆိုခြင်းမှာ မမှန်၊ သာသနာတော် နှစ် ၅၀၀ သာလျှင် ထားကြောင်းကို စူဠဝ ဂ်ပါဠိ ဘိက္ခုနီ ပါဠိတော်တွင် အထ င်အရှားရှိသည် ။ ထို့ကြောင့် ယခုအခါ ရဟန်းလည်း မရှိ၊ ရှိသော ရဟ န်းတို့ သည် ရဟန်းမဟုတ်၊ အတုအပသာ ဖြစ်ကြသည် ဟု မြို့တွင်းမြို့ပြင် ရောက်ရာအရပ်တိုင်းတွင် ဟောပြောလေသည် ။ ထိုကိ စ္စသည် သာသနာအတွက် အဆိပ်ဖြစ်သည် ကို တွေးမြင်သည့် သီလရှင် မယ်စိုးက တိုင်ကြားသဖြင့် ဓာတ်ဆရာ ဦးပိုကို ခေါ်ယူစစ်ဆေးရာ ဦးပို အား သာသနာ ၅၀၀၀ ကိုသာ လက်ခံရန် စည်းရုံးပြော ဆိုသော်လည်း လက်မခံဘဲ မိမိသိသော အသိကိုသာ အသက်နှင့်လဲ၍ ကာကွယ်ခဲ့ပါတ ယ်။ ဦးပိုဖြစ်စဉ်သည် **"ဟုတ်မှန် ဘိက္ခုနီ သာသနာကိစ္စတွင် ရတ်တရ က် မြတ်ဗုဒ္ဓ မိန့်မှာ ခဲ့သည့် မှန်ကန်သောစကားပါ။ အကျိုးလည်း မရှိ။ သာသနာနှစ် ၅၀၀ သည် သာသနာအတွက်၊ ဘာသာဝင်များ အတွက် ၊ ရဟန်းများ အတွက် လုံးဝအကျိုးမရှိ၊ အဆိပ်သာ ဖြစ်နေတာတွေ့ရပါ မည်။ အပြောခံရသူကလည်း မကြိုက်။ သာသနာနှစ် ၅၀၀ သာရှိသည့် အပြောကို မည်သည့် ဗုဒ္ဓဘာသာဝင်မှ ကြိုက်နှစ်သက်မည် မဟုတ်ပါ"** ဒါကြောင့် ဦးပို၏ သာသနာနှစ် ၅၀၀ သည် ဘုရားဟောအရ မပြောသင့် သော စကားဖြစ်သလို မည်သည့် ဗုဒ္ဓဘာသာဝင်မှ လည်း မပြောအပ် သော စကားဟု ယူဆပါတယ်။ အချို့က ဦးပို၏ မိမိအသိကို သေသည်

အထိ ဆုပ်ကိုင်ခြင်းကို ချီးကျူးလိုကြပါသည် ။ ထိုသူများ သည် ဟစ်တလာဂျူးခြောက်သန်းခန့်ကို သတ်မှုအား အားပေးသည့် ဂျာမနီအစွန်းရောက် အတွေးအခေါ်ဟု မြင်ပါတယ်။ ဦးပိုသည် ဗုဒ္ဓဘာသာ သာသနာကို မြတ်နိုးတန်ဖိုးထားလျှင် နှစ် ၅၀၀ သာသနာအကြောင်းကို သိလျှင်ပင် ပြောမည်မထင်ပါ။ ထို့ကြောင့် ဘာသာ သာသနာကို မြတ်နိုးရကောင်းမှန်း မသိသည့် ဦးပိုသေရခြင်းသည် သာသနာအတွက် ဆူးတစ်ချောင်း ထွက်သွားခြင်းဖြစ်တယ်လို့ မြင်ပါတယ်။ **(ယနေ့ မြန်မာနိုင်ငံ ဗုဒ္ဓ ဘာသာတွင် လည်း ဦးပိုလို လူမျိုးများ လာတာသည့် ဗုဒ္ဓဘာသာ သာသနာ ကျဆင်းစေရန် ပိုမို ပွံ့ပိုးနေပါသည် ။ ဗုဒ္ဓဘာသာဝင်များကို မေတ္တာရပ်ခံလိုသည် မှာ မြတ်ဗုဒ္ဓ၏ မိန့်မှာ ချက် အတိုင်း စကားခြောက်ခွန်းမှ အောက်ဆုံးနှစ်ခွန်းသည် ဘာသာသာသနာတွက် အကျိုးဖြစ်ပါမည်။ ဘာသာ သာသနာအတွက် ဘာသာဝင်များ အတွက် အကျိုးမဖြစ်သော စကားများကို မပြောဘဲနေပါ။ ပြောလာသည့် ဘာသာခြားများ နှင့် ဘာသာမဲ့များကို ပြန်လည်ဖြေရှင်းနိုင်အောင် လယ်တီဆရာတော်ဘုရားကြီး၏ ရွှေချိန်ခွင် ချေပချက်လို၊ သျှင် ဥက္ကဌ၏ ကျောက်တွင်းအရေးတော်ပုံလို ရဲဝံ့မှန်ကန်စွာ ပြန်လည်ခြေဖျက်မှုကိုသာ လုပ်ဆောင်ပေးကြပါရန် သာသနာအကျိုးအတွက် လေးစားစွာ မေတ္တာရပ်ခံအပ်သည် ။**

**"သာသနာကွယ်ကြောင်း မြတ်ဗုဒ္ဓ မိန့်မှာ ချက်"**

သာသနာကို နှစ် ၅၀၀၀ မထားရင် ဘယ်လောက်ထားရမလဲ မေးစရာပါ။ ကျွန်တော်ကတော့ ဘိက္ခုနီ သာသနာတစ်ခုတည်းကို မလေ့လာဘဲ သာသနာကွယ်ကြောင်း ဘုရားဟောများကို ပြန်လည်လေ့လာတင်ပြလိုပါတယ်။ မြတ်ဗုဒ္ဓရဲ့ မိန့်မှာ ချက်တွေမှာ လည်း ဘုရားတောင် အားကိုးမရ၊ မိမိကိုယ်သာ အားကိုးရန် အမြဲမိန့်ပါတယ်။ **ကျွန်**

**တော်တို့ သာသနာအတွက်လည်း နတ်တွေ၊ သိကြားတွေ၊ ဘုရားတွေ အားကိုးရန်မဟုတ်။ ကျွန်တော်တို့ ဘာသာဝင်များကိုပင် အားကိုးရမှ မှုချဖြစ်တယ်လို့ မြင်မိပါတယ်။** အနာဂတဘယ သုတ်တော်မှာ သာသနာအတွက် ဘေးငါးမျိုးကို ဒီလို မိန့်ခဲ့ပါတယ်။

ဘိက္ခုတို့ ဤလာလတ္တံ့သောဘေးတို့ သည် နောင်အခါ ဖြစ်လာကြလိမ့်မည်။ ထိုဘေးကို သင်တို့ သတိထားနှင့်ကြ ။ သိပြီးဖြစ်၍ ထိုဘေးကို မပေါ်အောင်ကြိုးစားကြ လို့ မိန့်ခဲ့ပါတယ်။

၁။ ခန္ဓာကိုယ် တိုးတက်ကြီးပွားမှုမရှိသော၊သီလသိက္ခာ တိုးတက်မှုလည်း မရှိသော၊ စိတ်နေစိတ်ထား သမာဓိလည်း တိုးပွားမှုမရှိသော၊ လောကုတ္တရာ ပညာတိုးပွားမှုလည်း မရှိသော ရဟန်းတို့ သည် သူတို့ကိုယ်တိုင် ဥပဇ္ဈာယ်ဆရာကြီးလုပ်ကာ အခြားသူတို့ ကို ရဟန်းပြုပေးကြလိမ့်မည်။ ထိုအရည်အချင်းမရှိသော ဥပဇ္ဈာယ်ဆရာတို့ သည် မိမိတပည့်များ ကိုယ်နေစိတ်ထား သမာဓိ ၊ ပညာတိုးပွားခြင်း မရှိဘဲ မိမိတို့ ၏ လက်အောက် တပည့်များကို ရဟန်းပြုလေးကြလိမ့်မည် ။ ဤသို့ အဆက်ဆက် တရားပျက်ခြင်းကြောင့် ဝိနည်းပျက်ပြားခြင်း ဟူသော ဘေးပေါ်လာလိမ့်မည်။

၂။ နိဿရည်းဆရာလုပ်၍ တပည့်များကို နိဿရည်း ပေးခြင်းသာ ထူးသည် ။ (အရပ်တစ်ပါးမှ လာနေသော တပည့်များ ၏ အမှီခံ ဆရာကို နိဿရည်းဆရာဟု ခေါ်၏။)

၃။ ခန္ဓာကိုယ်နှင့် သီလ၊ သမာဓိ ၊ ပညာတိုးပွားမှု မရှိသော နောက်ခေတ် ရဟန်းတို့ သည် အဘိဓမ္မာတရား ဉာဏ်ရမှုနှင့် ယှဉ်သော တရားများကို ဟောကြသောအခါ မကောင်းသော စိတ်ထားဖြင့် သူတစ်ပါးအား ပုတ်ခတ်စော်ကားခြင်း ၊ ပစ္စည်းရအောင် ဟောခြင်း တို့ ဖြင့် စိတ်

ဆိုးစိတ်ညစ်ပေါ်ပေါက်၍ တရားစစ် သဘောမှန်ကို သိတော့မည် မဟုတ်။

၄။ ကိုယ်အနေအထားနှင့် သီလ၊ သမာဓိ ၊ ပညာ တိုးပွားမှုမရှိသော နောက်ခေတ် ရဟန်းတို့ သည် ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့၍ လေးနက်စွာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားတော်တို့ ကို ဟောလျှင် မနာချင်ကြ။ ထိုတရားများကို သင်ယူ မှတ်ထိုက်သည် ဟု ပင် မထင်မှတ်ကြ။ သာသနာ ပြင်ပဖြစ်သူ တို့ က ရွတ်၍ ကောင်းအောင် အဆန်းတကျယ်ဖွဲ့ အပ်သော ဂါထာတော်များကိုသာ သင်ယူကြလိမ့်မည်။

၅။ ကိုယ်နေကိုယ်ထား သီလ၊ သမာဓိ၊ ပညာ တိုးပွားခြင်းမရှိသော နောက်ခေတ် ရဟန်းတို့ သည် အလျော့အတင်း နှစ်မျိုးရှိရာဝယ် အလျော့ဘက်၌ သာ ရှေ့သွားခေါင်းဆောင် လုပ်ကြလိမ့်မည်။ တောကျောင်း စသည် ၌ ငြိမ်သက်စွာ တရားနှင့် နေမှုကိစ္စ၌ လုံ့လ၊ ဝီရိယ လျှော့ချထားကြလိမ့်မည်။ အပေါင်းအဖော်မှ ခွဲခွာ၍ တစ်ကိုယ်တည်းနေဖို့ ရန်နှင့် မကောင်းသော စိတ်တွေမှ ခွဲခွာ၍ တရားစိတ်ဖြင့် နေဖို့ ရန် စိတ်ကူးမျှ ထည့်ကြတော့မည် မဟုတ်ဆိုပြီး သာသနာဘေးကို မိန့်ခဲ့ပါသည် ။

သာသနာအတွက် နောက်ဘေးတစ်မျိုးကိုလည်း မိန့်မှာ ခဲ့ပါတယ်။ ဘိက္ခုတို့ ဤလတ္တံ့သော ဘေးတို့ သည် နောင်အခါ ဖြစ်လာကြလိမ့်မည် ။ ထိုသေးကို သိထားနှင့်ကြ။ သိပြီး၍ ထိုဘေးမပေါ်အောင် ကြိုးစားကြလို့ မိန့်ခဲ့ပါတယ်။

၁။ အနာဂတ် ကာလ၌ ရဟန်းတော်တို့ သည် ဆွမ်းကောင်းကောင်း အလိုရှိကြလိမ့်မည်။ ဆွမ်းကောင်းကောင်း စားလိုပါသဖြင့် ပိဏ္ဍပါတ်ခု

တင် ကို မဆောက်တည်ကြဘဲ ဆွမ်းကောင်း၊ ဟင်းကောင်း မုန့်ပဲသရေစာကောင်း ရဖို့ ရာ အမျိုးမျိုးသော မအပ်မရာနည်းတို့ ဖြင့် ရှာမှီးကြလိမ့်မည်။

၃။ အနာဂတ်ကာလ၌ ရဟန်းတို့ သည် ကျောင်းကောင်းကောင်း အလိုရှိကြလိမ့်မည်။ ကျောင်းကောင်း၌ နေလိုကြ၍ ရက္ခမူစုတင်ကို မဆောက်တည်ကြတော့။ တောကျောင်းမှာ မနေလိုကြဘဲ ရွာ၊ နိဂုံး၊ မင်းနေပြည်တော်၌ နေထိုင်ကာ အမျိုးမျိုးသော မအပ်မရာ နည်းတို့ ဖြင့် ကျောင်းရှာမှီးကြလိမ့်မည်။

၄။ အနာဂတ်ကာလ၌ ရဟန်းတို့ သည် သီလရှင်၊ ရသေ့မတို့ သာမဏေတို့ နှင့် ရောရောနှောနှော နေကြလိမ့်မည်။ ထိုသို့နေခြင်းကြောင့် ဖြစ်ဖွယ်ရာအပြစ်တို့ ကြောင့် မပျော်မွေ့လည်း သာသနာတော်၌ နေကြလိမ့်မည်။ လူသော်လည်း ထွက်ကြလိမ့်မည်။

၅။ အနာဂတ်ကာလ၌ ရဟန်းတို့ သည် ကျောင်းတိုက်၌ ရှိသော ကပ္ပိယများ နှင့် ရောနှောကြလိမ့်မည်။ ထိုသို့နေသဖြင့် ဖြစ်ဖွယ်အပြစ်တို့ ကား စားသောက်ဖွယ်ရာများ နောက်တစ်နေ့ စားသောက်ဖို့ ရာ သိမ်းထားမှုကိုလည်း ပြုလုပ်ကြလိမ့်မည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးမြေကိုလည်း တူးဆွခိုင်းကြလိမ့်မည်။ ဆွတ်ခူးခိုင်းကြလိမ့်မည်။ ဆိုပြီး ဘာသာရေး ဘေးများ နှင့် ပတ်သက်၍ မိန့်ခဲ့ပါတယ်။ ဒါ့အပြင် သာသနာကွယ်ကြောင်း တရားများကတော့ ...

ဘိက္ခုတို့ ... ပရိယတ်၊ ပဋိပတ် ပဋိဝေဓသာသနာ ကွယ်ကြောင်း ငါးပါးရှိပေသည် ။

၁။ ရဟန်းများ တရားမနာခြင်း။

၂။ ပိဋကတ်တရားတော်များကို လေးလေးစားစားမသင်ယူခြင်း။

၃။ပိဋကတ်တရားတော်များကို သင်ယူပါသော်လည်း လေးလေးစားစား နှုတ်တက်ရအောင် ဆောင်မထားခြင်း။

၄။ နှုတ်တက်ရအောင် ဆောင်ရွက်ထားသော်လည်း ထိုတရားတို့ ၏ အနက်အဓိပ္ပါယ်ကို မစဉ်းစားမကြံစည်ခြင်း။

၅။ စဉ်းစားကြံစည်၍ သိပါသော်လည်း သိသည့်အတိုင်း မကျင့်ကြံခြင်းတို့ တည်း။

နောက်တစ်နည်းမှာ ...

၁။ ပိဋကတ်ပါဠိတော်များကို မသင်ခြင်း။

၂။ သင်ပါသော်လည်း ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်များကို သူတပါးအား အကျယ်မဟောခြင်း။

၃။ ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်များကို အကျယ်ပြော၍ မပို့ချခြင်း။

၄။ ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်များကို အကျယ်အားဖြင့် မရွတ်ဆို မအံခြင်း။

၅။ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်များ ၏ အနက်အဓိပ္ပါယ်ကို မကြံစည်မစဉ်းစားခြင်းတို့ တည်။

နောက်တစ်နည်းမှာ ..

၁။ အက္ခရာပါဠ်များ မှားမှားယွင်းယွင်းမှ ငံ့ ပိဋကတ်တော်ကို သင်ယူခြင်း။

၂။ ရဟာန်းတို့ ၏ ပြောဆိုဆုံးမခက်ခြင်း။

၃။ စာချနိုင်လောက်သော ပုဂ္ဂိုလ်တို့ က စာမချခြင်း။

၄။ပစ္စည်းလာဘ်ဘာဘပေါများ ခြင်း အလိုရှိကြသဖြင့် အလျော့ဘက်ကိုလိုက်ကာ သာသနာဆုတ်ယုတ်ရေး၌ ရှေ့သွားခေါင်းဆောင်လုပ်၍ သာသနာတိုးတက်ရေး၌ ကား ဆန္ဒဝီရိယ လျော့ချခြင်း။

၅။ သံဃာကွဲပြားခြင်း။ (အင်္ဂုတ္တိုရ်၊ ပဉ္စကနိပါတ်၊ စတုတ္ထ ပဏ္ဏာသ၊ သဒ္ဓမ္မဝဂ်)

**သာသနာ့ဘေးနှင့် သာသနာကွယ်ကြောင်း တရားများ တွင် သာသနာတွင် ဘာသာဝင် လူတို့ ကြောင့်မကွယ်၊ သာသနာပြုတို့ ကြောင့်သာ သာသနာကွယ်မည်ဖြစ်ကြောင်း တိကျထင်ရှားစွာ အရှည်မျှော်တွေးပြီး သေချာ မိန့်မှာ ခဲ့တာတွေပါတယ်။ ထိုအပြုအမူများကြောင့် သာသနာကွယ်မှာ ကတော့ လုံးဝမလွဲနိုင် မငြင်းနိုင်ပါ။** အင်္ဂုတ္တုရ်အရလည်း သာသနာနှစ် (၅၀၀၀) မဟုတ်။ သာသနာပြုများ နှင့် လူသားများ မြတ်ဗုဒ္ဓကိုယ်စားထားခဲ့သည့် ပရိယတ်၊ ပဋိပတ်နှင့် ဝိနည်းများကို လေ့လာကျင့်ကြံ အားထုတ်နေလျှင် သာသနာရှိမည်။ ကျင့်ကြံအားထုတ်သူမဲ့လျှင် သာသနာကွယ်မည်ဟု သာ မိန့်မှာ ခဲ့ကြောင်း တွေ့ရပါတယ်။ ယနေ့လယ်း ထိုအတိုင်း ဖြစ်နေသည် ကို ဘာသာဝင်တိုင်းသိပါသည် ။ သို့သော်ငါနှင့် မဆိုင်သလိုနေမြဲနေပြီး သာသနာဘေးနှင့် သာသနာကွယ်ကြောင်းတို့ ကို သိလျက်နှင့် လုပ်နေတာလား၊ အားပေးနေတာလား မတွေးတတ်ပါ။ ဗုဒ္ဓဘာသာ သာသနာသည် သာသနာဘေးနှင့် သာသနာကွယ်ကြောင်းတို့ ကြောင့် သာသနာကွယ်မည်ကို သိပါလျက်နှင့် မဆိုင်တာကို လွှဲချနေတာသည် ထမင်းရည်ပူ လျှာလွှဲ လုပ်နေသလား။ သုံးသပ်ပေးကြပါ။

လောကတွင် လူချင်းတူသော်လည်း တောင်းစားသူနှင့် သာမန်လူကလုံးဝကွဲပြားပါတယ်။ သာမန်လူတစ်ဦးကို လူတွေက လူလို ဆက်ဆံ

တတ်သော်လည်း တောင်းစားသူကို လူလိုဆက်ဆံရန် မည်သူ့ကိုမျှ မတိုက်တွန်းသလို ဆက်ဆံသူလည်း မရှိနိုင်ပါ။ တိုင်းပြည်တစ်ခုတွင် တောင်းစားနေသူတွေ များ လာလျှင် တိုင်းပြည်ပျက်ပါမည်။ အသိသာဆုံးက လူတွင် အသက်ရှင်သူနှင့် သေသူရဲ့ တန်ဖိုး၊ မိုးနဲ့မြေလောက်ကွာခြားပါတယ်။ အသက်ရှင်စဉ် မည်မျှ မြင့်မြတ်သူ ဖြစ်စေ၊ သေလျှင် တန်ဖိုးမဲ့ရသည် မှာ လောကအမှန် တရားပါ။ သေသူကို ရှင်သူလို တန်ဖိုးထား နေရာပေးသူ အရူးသာ ရှိမည်ထင်ပါသည် ။ ဗုဒ္ဓဘာသာ သာသနာ တွင် လည်း ဘာသာ၏ အသက်သည် 'သုတ်၊ ဝိနည်း၊ အဘိဓမ္မာ' ဖြစ်ပြီး ရဟန်းများ အတွက် ဝိနည်းသည် ရဟန်းတို့ ၏ အသက်ဖြစ်သည် ကို လူတိုင်းသိပါသည် ။ ထိုသို့ သိပါလျက် ယနေ့ ဗုဒ္ဓဘာသာ သာသနာအတွက် စကားတစ်ခွန်းသည် လည်း ဘာသာအတွက် အန္တရာယ်ကြီး ဖြစ်မှန်းသိပါလျက် မြိန်ရည်ရှက်ရည် ပြောနေတာ တွေ့ရပါတယ်။ ထိုအရာမှာ ရဟန်းတို့ သည် သင်္ကန်းကိုပဲ လည်ပင်းတွင် ပတ်ထားသည့် " ဒုဿီလ ရဟန်းလည်း ရဟန်းပဲ" ထို ဒုဿီလကို လှူသော် သံဃာကို မှန်း၍ လှူဒါန်းနိုင်ပါမူ မရေတွက်နိုင်အောင် အကျိုးပေးနိုင်၏ ဟု ဟောတော်မူသည် .....ဆိုတဲ့ စကားကို တွင် တွင် ပြောလာနေတာသည် သာသနာကို အရှိန်ဟု န်ပြင်းပြင်းနဲ့ ချောက်ထဲရောက်အောင် တွန်းပို့ နေတယ်လို့ မြင်ပါတယ်။ သုံးသပ်ရသော် မြတ်ဗုဒ္ဓ၏ သာသနာ့ဘေး သာသနာကွယ်ကြောင်းတို့ နှင့် ဆန့်ကျင်နေပါသည် ။ မြတ်စွာဘုရားသည် သာသနာကို သန့်ရှင်း ကြည်ညိုဖွယ်ဖြစ်အောင် တည်ဆောက်ရန် သက်တော်ထင်ရှားရှိစဉ်ထဲက ကိုယ်တိုင်လက်တွေ့လုပ်ပြခဲ့တာပါ။ ဘုရားဟော မှန်လျှင်လည်း ပြောနေခြင်းသည် ဓါတ်ဆရာကြီး ဦးပိုလို ဖြစ်နေပြီလား ဆန်းစစ်ပေးစေလိုပါတယ်။ ဒုဿီလရဟန်းကိစ္စကိုလည်း မြတ်ဗုဒ္ဓ၏ စကားကြီးခြောက်ခွန်းဖြင့် ချိန်ထိုးကြည့်လျှင်

တတိယ စကားမျိုးဖြစ်တာ တွေ့ရပါတယ် ။ ထိုစကားသည် သာသနာအတွက် အကျိုးမရှိ၊ အပြောခံရသည့် ရဟန်းစစ်များ နှင့် ဘာသာသာသနာကို မြတ်နိုးတန်ဖိုးထားသည့် ဘာသာဝင်များကလည်း မကြိုက်သည့် စကား ဖြစ်သည့်အတွက် မပြောဆိုသင့်လို့ မြင်ပါတယ်။ ဒုဿီလ ရဟန်းတွေများ လာလျှင် ဗုဒ္ဓဘာသာ သာသနာ အသက်မဲ့သွားသည့်အတွက် သာသနာအတွင်း ကြည်ညိုသူမဲ့ကာ သာသနာသည် ချောက်ထဲကျမည် မဟုတ်။ ငရဲတွင်းထဲသို့ တိုက်ရိုက်ကျသွားမည်မှာ မလွဲပါ။ ဗုဒ္ဓသာသနာအတွက် အကျိုးများ မည့် သာသနာ့ဘေးနှင့် သာသနာကွယ်ကြောင်း တရားများကိုတော့ ပိုမို အလေးထားပြောပြီး ရဟန်းတိုင်း ရင်ထဲမှာ စွဲနေအောင်မှတ်သား ရှောင်ကြဉ်လုပ်ဆောင်သင့်ပါကြောင်း လျှောက်ထားလိုပါတယ် ဘုရား။ ထိုသို့ လုပ်ပေးနိုင်ပါက သာသနာကွယ်ပါဆိုရင်တောင် မကွယ်ဘဲ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း ဟောကိန်းထုတ်သလို စကြဝဠာ တစ်ခုလုံးကိုးကွယ်သည့် ဘာသာ မုချ ဖြစ်လာပါလိမ့်မည်။ ယနေ့ ထိုအခြေအနေရောက်ရန် ဘုရားသားတော်များ တွင် သီလ၊ သမာဓိ၊ ပညာ၊ စိတ်ရှည်ဇွဲသံမှု၊ ထိုးထွင်းကြံဆဉာဏ်တို့ များ စွာလိုနေသလား သုံးသပ်တော်မူကြပါ။

တစ်ဖန် သာသနာကို ဘယ်လိုစောင့်ရှောက်ရမည်ကိုလည်း မြတ်စွာဘုရားက သေချာမိန့်မှာ ခဲ့တာ တွေ့ရပါတယ်။ ထိုမိန့်မှာ ချက်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုမည် ဖြစ်ကြောင်း အသိပေးရန် ကူဋာဂါရတွင် ရဟန်းတို့ ကို စုစည်းစေပြီး သာသနာအတွက် မိန့်မှာ ခဲ့သည် မှာ -" ချစ်သား ရဟန်းတို့ ။ ငါဘုရားသည် သင်တို့ ၏ အကျိုးစီးပွားအလို့ ငှာ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတည်း ဟူသော သာနာကို ကောင်းစွာ ထားအပ်ကုန်ပြီ။ ထိုတရားတို့ ကို သင်တို့ မြဲမြံစွာ သင်ကြား၍ အဖန်တလဲလဲ ပွား များကြလေကုန်။ ဤသို့ ပွားများကြသော် ငါ ဘုရားသာသနာတော် သ

ည် ရှည်မြင့်စွာ ထွန်းပ၍ သိဿာနုသိဿပရမ္ပဖြစ်သော လူနတ်အများ စုတို့ သည် အကျိုးစီးပွားများ ခြင်းငှာ ဖြစ်လေရာ ၏။ သာသနာကာလ ရှည် ထွန်းပ ရသော အကြောင်းတရားကား သတိပဋ္ဌာန်လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဤ တရားစုပင်တည်း" ထိုတရားတို့ ကို အထူးထူးသော ပရိယာယ်ဖြင့် ဟောကြားအပ် ပေပြီ။ ဤတရားတို့ ကို အဖန်တလဲလဲ နှလုံးသွင်းကာ သင်္ခါရတရား တို့ ၏ ကုန်တတ် ပျက်တတ်သော သဘောကို ရှုကုန်လော့၊ ငါဘုရားသည် ဤလမှ နောက်သုံးရက်မြောက်လွန်လျှင် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့ဟု မိန့်တော်မူခဲ့ပါသည် ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီး ရဟန်းတော်များကို နောက်ဆုံးတွေ့ဆုံ၍ သာသနာကို မည်သို့ စောင့်ရှောက်ရမည်ကို မိန့်မှာ ချက်တွင် လည်း နှစ်ကန့်သတ်ချက်လုံးဝမပါဘဲ သာသနာအစွန့်တည်ရန် ရဟန်းတော်များ ‘ သုတ်၊ အဘိဓမ္မာ ၊ ဝိနည်း’ တို့ ကိုသာ လေ့လာသင်ကြား ဟောပြော နေလျှင် သာသနာအစွန့်ရှည်မည့်အကြောင်း သေချာမိန့်မှာ ခဲ့တာ တွေ့ရပါမည်။ နောက်ဆုံးတွေ့ဆုံမှာ ကြားချက်ဖြစ်၍ ဗုဒ္ဓဘာသာဝင်များ မဖြစ်မနေ လိုက်နာလုပ်ဆောင်ရန်လိုအပ်ပါသည် ။ အထက်ပါ မိန့်မှာ ချက်သည် ရတ်တရက်မိန့်မှာ မှု မဟုတ်၊ သေချာစီစဉ်တွေ့ဆုံ၍ မြတ်စွာဘုရားမရှိသည့်နောက် သာသနာကို မည်သို့ စောင့်ရှောက်ရမည်ကို တိကျစွာ မှာကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ မိန့်မှာ ချက်သည် လည်း လောက အမှန်တရားနှင့် ကိုက်ညီနေပါတယ်။ ထို့ကြောင့် သာသနာသည် နှစ်ကန့်သတ်ဖြင့် မတည်၊ ရဟန်းတော်များ ဘုရားစကားနာထောင် လိုက်နာကျင့်ကြံအားထုတ်မှုအပေါ်တွင် သာ မူတည်ကြောင်းတွေ့ရသည့်အတွက် ထိုအတိုင်းသာ လုပ်ကိုင်ပါကြ သာသနာအစွန့်ရှည်မည်မှာ မုချဖြစ်ပြီး စကြဝဠာတစ်ခုလုံးကို ဗုဒ္ဓဘာသာ သာသနာ ရောက်ရှိမှာ လည်း မ

လွဲပါ။

***